မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်

ကန်နီအုပ်စု၊ မန်ကျည်းလေးပင်ကျေးရွာ

# ကျေးရွာလက်စွဲစာအုပ်



Scanned by CamScanner

## မာတိကာ


၁။ ကျေးဇူးတင်ဂုဏ်ပြုလွှာ

၂။ မာတိကာ (မြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ် ပါသည့်စာရွက်)

၃။ မိတ်ဆက်--------

-ဦးအောင်မင်းနိုင် လက်မှတ်

-ကျေးရွာအုပ်ချုပ်ရေးမှူး လက်မှတ်

၄။ မြေပုံများ ရေးဆွဲခြင်းရည်ရွယ်ချက်။

၅။ ကျေးရွာအခြေခံသတင်းအချက်အလက် အနှစ်ချုပ်။

၆။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ။

၇။ ရာသီစွင် ပြဇယား။

၈။ ပြဿနာသစ်ပင် နှင့် ဖြေရှင်းမှုစက်ကွင်း။

၉။ ဝန်ဆောင်မှုနှင့် အခွင့်အလမ်းမြေပုံ။

၁၀။ အနာဂတ် မျှော်မှန်းချက် မြေပုံ။

၁၁။ ထူခြားပြစ်စဉ် မြေပုံ။

၁၂။ လူမှုကာကွယ်စောင့်ရှောက်မှု အခြေအနေပြ ဇယား။

၁၃။ လုပ်ငန်းအကောင်အထည်ဖော်ဇယား(ဗစအေသည ဏူညေ)။

၁၄။ စားဝတ်နေရေးနှင့် ထိခိုက်လွယ်မှု အနေအထားအရ

ကျေးရွာမှအဆင့်သတ်မှတ်ထားမှုဇယား။

၁၅။ အခြေခံ သတင်းအချက်အလက်ဇယား။


Scanned by CamScanner

# မကွေးတိုင်းဒေသကြီး စီမံကိန်းဦးစီးမှူး
# ညွှန်ကြားရေးမှူး ဦးစန်းလွင် ၏
# ဥယျောဇဉ်

ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာအဆင့်ဆင့်ဖြင့် နိုင်ငံတော်နှင့် ပြည်သူအားလုံး၏ လူမှုစီးပွား ဖွံ့ဖြိုးမှုကို အကောင်အထည်ဖော်ရာတွင် မူဝါဒများ၊ ဥပဒေများကဲ့သို့ အထက်မှ စတင်ပြောင်းလဲခြင်း များ အရေးကြီးလှပါသည်။ ကျယ်ပြန့်လှသော ပြည်သူအလွှာစုံနှင့် ကျေးလက်ဒေသနေ ပြည်သူများ ၏ လိုအပ်ချက်များကို အဓိကထား ဖြည့်ဆည်းနိုင်ရေးအတွက် အောက်ခြေမှစတင်သည့် ပြည်သူ့ ဗဟိုပြု စီမံချက်များကို ပြည်သူများကိုယ်တိုင် စုစည်း၍ ပါဝင်ဆောင်ရွက်မှုများလည်း အလွန်ပင် အရေးပါသည့် လုပ်ဆောင်ချက် ဖြစ်ပါသည်။ ထိုသို့ လိုအပ်သော လုပ်ဆောင်ချက်တစ်ခုကို Action Aid Myanmar က အဖွဲ့အစည်း အသီးသီးနှင့် ဆက်စပ်ပူးပေါင်း၍ **" အားလုံးအကျုံးဝင် ဖွံ့ဖြိုး တိုးတက်မှုအတွက် အောက်ခြေမှ စီမံကိန်း ရေးဆွဲခြင်း"** လုပ်ငန်းစဉ်ဖြင့် ကျေးရွာလက်စွဲစာအုပ် (Village Book)များ ဖော်ထုတ် ရေးဆွဲ ပြုစုခြင်းဖြင့် အားဖြည့်လုပ်ဆောင်မှုကို ကြိုဆိုကြမည်ဟု ယူဆပါသည်။

ကျေးရွာလက်စွဲစာအုပ်များတွင် ကျေးရွာများ၌ နေထိုင်ကြသော ဒေသခံများကိုယ်တိုင် မိမိရွာ၏ လိုအပ်ချက်၊ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးဖော်ထုတ်ခြင်း၊ စိန်ခေါ်မှုများ၏ ပြဿနာ အရင်းအမြစ်များ ဖော်ထုတ်ခြင်း၊ ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်း တို့ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ထွန်းလာရေးကိုလည်း အားလုံးက အပြုသဘောဆောင်သည့် အတွေးအခေါ်ခံယူချက်များဖြင့် အားဖြည့် ဆောင်ရွက်ကြရမှာလည်း ဖြစ်ပါသည်။ ဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးရေးအတွက် စစ်မှန် ထိရောက်သော ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရန် ယခုအစပြုမည့် ကောင်းမွန်သော ပတ်ဝန်းကျင် အခြေအနေကို ပြည့်ဝစွာ အသုံးချ၍ ပြည်သူ့ဝန်ထမ်းများနှင့်အတူ ကျေးလက်နေပြည်သူအားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်ကြစေကြောင်း စေတနာအရင်းခံဖြင့် ဆန္ဒပြုအပ်ပါသည်။

(signature)

ဦးစန်းလွင်
ညွှန်ကြားရေးမှူး
မကွေးတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး

Scanned by CamScanner

# ကျေးဇူးတင်ဂုဏ်ပြုလွှာ

မကွေးတိုင်းဒေသကြီး၊ပခုက္ကူခရိုင်၊မြိုင်မြို့နယ်သည် ရပ်ကွက် (၃)ခု၊ ကျေးရွာ အုပ်စု (၈၁)အုပ်စု၊ စုစုပေါင်းရပ်ကွက်/ကျေးရွာအုပ်စု(၈၄)အုပ်စု၊ ကျေးရွာပေါင်း (၃၂၉) ရွာတည်ရှိ၍ (၇၈၅.၆၆၁) စတုရန်းမိုင်ရှိပါသည်။ ၂၀၁၆ အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာများနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ထောင်စုနှစ်ရည်မှန်းချက်များ ချမှတ်ခဲ့ပါသည်။ အဲဒီလိုပြုပြင်ပြောင်းလဲမှုမဟာဗျူဟာအမျိုးမျိုးအဆင့်ဆင့်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရာမှာအထက်အဆင့်မှာသာမူဝါဒရေးရာပြောင်းလဲခြင်းမျိုးမဟုတ်ဘဲအမှန်တကယ်မြေပြင်မှာပြုပြင်ပြောင်းလဲမှုရဲ့အသီးအပွင့်တွေကိုပြည်သူအများခံစားရရှိနိုင်ဖို့ဟာအဓိကကျပါတယ်။အဲဒီလိုပြည်သူအများရဲ့လူမှုစီးပွားလိုအပ်ချက်ကိုအဓိကထားဖြည့်ဆည်းပေးနိုင်ဖို့အတွက်ပြည်သူဗဟိုပြုဖွံ့ဖြိုးရေး (People-Centered Development) လုပ်ငန်းတွေကိုအောက်ခြေမှစ၍အမှန်တကယ်ကြိုးပမ်းဆောင်ရွက်နိုင်ဖို့လိုအပ်ပါတယ်။

ပြည်သူ့ဝန်ထမ်းများအနေနဲ့ပြည်သူအများရဲ့လူမှုစီးပွားရေးလိုအပ်ချက်တွေကိုပြည်သူ့အသံ၊ပြည်သူ့ဦးစားပေးလိုလားချက်တွေနဲ့အညီဆက်စပ်ဖြည့်ဆည်းဆောင်ရွက်သွားနိုင်မှသာတာဝန်ခံယူမှုရှိတဲ့ကောင်းမွန်သောအုပ်ချုပ်မှုစနစ်တစ်ခုဖြစ်ထွန်းလာမှာဖြစ်ပါသည်။

ပြည်သူအများရဲ့ဦးစားပေးလိုအပ်ချက်တွေကိုဖော်ထုတ်ဆောင်ရွက်ရာမှာပြည်သူအများပူးပေါင်းပါဝင်မှုရှိဖို့ဟာလွန်စွာအရေးကြီးလှပါသည်။ ထို့ကြောင့် လူထုကကိုယ်တိုင်ကိုယ်ကျပူးပေါင်းပါဝင်ပြီးမိမိတို့ရပ်ရွာကိုလေ့လာသုံးသပ်၊ဦးစားပေးလုပ်ငန်းများရွေးချယ်ပြီးအစီအမံများရေးဆွဲနိုင်မှသာပြည်သူအများအမှန်တကယ်လိုအပ်ချက်များကိုထိထိရောက်ရောက်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှာဖြစ်သလိုစီမံကိန်းရေးဆွဲမှုများဟာလည်းအမှန်တကယ်အောက်ခြေကစလို့ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်နိုင်တဲ့ ပြည်သူဗဟိုပြုစီမံကိန်းများအဖြစ် အကောင်အထည်ဖော်နိုင်မှာဘဲဖြစ်ပါတယ်။ သို့မှသာကျေးရွာအစီအစဉ်မှ ကျေးရွာအုပ်စုအစီအစဉ်၊ ထိုမှတဆင့်မြို့နယ်အစီအစဉ်၊ထိုမှတဆင့်ခရိုင်၊တိုင်းဒေသကြီးအဆင့်ဆင့်စုစည်းမိပြီးတိုင်းဒေသကြီးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Regional Comprehensive Development Plan)ကိုအောင်မြင်စွာအကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရဌာနများအနေနဲ့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုနှင့်အတူဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့်

Scanned by CamScanner

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်စီမံကိန်းအဆင့်ဆင့်မှာဦးစားပေးပြီးဆောင်ရွက်နေတာ လက်ရှိအချိန်ထိဘဲဖြစ်ပါတယ်။ဒီလိုဆောင်ရွက်ရာမှာပိုမိုထိရောက်စေဖို့အတွက်သက်ဆိုင်ရာပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးနဲ့ဆက်စပ်ဆောင်ရွက်ခဲ့ပြီး ယခုဆိုရင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရှင်အေဒ့်မြန်မာတို့ပူးပေါင်း၍

**"အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက်အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"**လုပ်ငန်းစဉ်တစ်ခုကိုစတင်ဆောင်ရွက်ခဲ့ပါတယ်။ဒီလုပ်ငန်းစဉ်အရပြည်သူအများပူးပေါင်းပါဝင်ရေးဆွဲတဲ့ကျေးရွာလက်စွဲစာအုပ် (Village Book)များကိုဖော်ထုတ်သွားဖို့နဲ့လုပ်ငန်းအကောင်အထည်ဖော်ရာမှာအားလုံးအကျုံးဝင်ဆောင်ရွက်နိုင်ရေးအတွက်အစီအမံများချမှတ်နိုင်ဖို့ဘဲဖြစ်ပါသည်။

ထို့ကြောင့်ယခုလုပ်ငန်းစဉ်ကိုအဓိကတာဝန်ယူဖော်ဆောင်ရမယ့်ဌာနဆိုင်ရာများအတွက်**"အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"**သင်တန်းကိုနည်းပြသင်တန်းတက်ရောက်ပြီး ပြန်လည်လုပ်ဆောင်ခြင်းဖြစ်ပါသည်။

ယခုလို**"အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက်အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"**လုပ်ငန်းစဉ်ကိုတိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးဆောင်ပြီး အက်ရှင်အေဒ့် မြန်မာ၏ပံ့ပိုးမှုဖြင့်မြိုင်တစ်မြို့နယ်လုံးအတိုင်းအတာနဲ့အကောင်အထည်ဖော်ဆောင်ရွက်ရာမှာထိရောက်စွာကြီးကြပ်စီမံနိုင်ရေးအတွက် သင်တန်းတက်ရောက်ထားသောအရာရှိများနှင့်အတူအားလုံးက ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

နိဂုံးချုပ်အနေနဲ့အထူးတလည်မှတ်တမ်းတင်လိုတာကတော့ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ်တစ်ခုဖြစ်ထွန်းလာဖို့အတွက်စနစ်အတွင်းမှာပါဝင်တဲ့သူအားလုံးရဲ့အတွေးအခေါ် ခံယူချက်(mind-set)တွေပြောင်းလဲနိုင်ဖို့လိုအပ်ပါတယ်။ကောင်းမွန်သောအုပ်ချုပ်မှုစံနစ်(GoodGovernance)၏အခြေခံအရာများဖြစ်ကြတဲ့

(1) အများစုပါဝင်စေခြင်း(Participation)

(2)စည်းမျဉ်းစည်းကမ်းဥပဒေကိုလေးစားလိုက်နာခြင်း(Rule of law)

(3)ကြိုတင်ခန့်မှန်းနိုင်မှုဖြစ်စေခြင်း(Predictability)

(4)ပွင့်လင်းထင်သာမြင်သာဖြစ်ခြင်း(Transparancy)

(5)တုံ့ပြန်ဆောင်ရွက်မှုရှိခြင်း(Responsiveness)

Scanned by CamScanner

တဲ့အခြင်းအရာများတို့ဟာ ကျေးရွာလက်စွဲစာအုပ် ပြုစုစဉ် တလျှောက်လုံးနဲ့ ပြည်သူလိုလားချက်များကို န်း ကြိုးပမ်းအကောင်အထည် ဖော်ကြတဲ့အခါမှာ ပြည်သူများအနေနဲ့လည်း ယခုလို ကျေးရွာစာအုပ်တွေ ဆွဲပြီး လူမှုစီးပွားလိုအပ်ချက်တွေကို ဖော်ထုတ်တဲ့နေရာမှာ အမှန်တကယ်တက်ကြွစွာ ပူးပေါင်းပါဝင် စိတ်ရှိဖို့အရေးကြီးသလို ပြည်သူ့ဝန်ထမ်းများအနေနဲ့လည်း အမှန်တကယ်အောက်ခြေအထိဆင်းပြီး ည်သူများနဲ့တသားတည်းပံ့ပိုးကူညီဆောင်ရွက်သွားနိုင်ဖို့လည်းအရေးကြီးပါတယ်။ ဒီလုပ်ငန်းစဉ်တစ်ခုလုံး တွက် အခုလိုနည်းပညာပိုင်းအရဆက်စပ်ပံ့ပိုးပေးတဲ့အက်ရှင်အေ့ဒ်မြန်မာ၊ ကျေးရွာဖွံ့ဖြိုးရေး လူငယ် င်တန်းဆရာ၊ ဆရာမများအပြင် မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေး စီးဌာနနှင့် အမျိုးသားစီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အရာရှိ သုံးဦးကိုလည်း မြိုင်မြို့နယ်ကိုယ်စားအနေဖြင့် ကျေးဇူးတင်ရှိကြောင်းမှတ်တမ်းတင်လိုက်ရပါတယ်။

မြို့နယ်အုပ်ချုပ်ရေးမှူး

မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မြိုင်မြို့နယ်၊ မြိုင်မြို့။

ကော်ဇွဲ၊ ၂၀၁၇ ခုနှစ် ၊ (          )လ ၊ (          )ရက်

Scanned by CamScanner

actionaid

# မိတ်ဆက်

ဤကျေးရွာလက်စွဲစာအုပ်သည် မိမိတို့ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေအရပ်ရပ်တို့နှင့် ဘေးအန္တရာယ် အတွေ့အကြုံများ၊ ထိခိုက်ခဲ့ရမှုများကိုလူထုကိုယ်တိုင် ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်းစကားဝိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာခဲ့သောအကြောင်းအရာများကိုမှတ်တမ်းတင်ထားခြင်းဖြစ်ပြီး ၎င်းအချက်အလက်များကိုအခြေခံ၍ မိမိတို့ကျေးရွာ၊ ရပ်ကွက်တိုးတက်ဖွံ့ဖြိုးလာစေရန် လိုအပ်ချက်များကိုသတ်မှတ်ဖော်ထုတ်ကာမည်ကဲ့သို့ အောင်မြင်ဖြစ်ထွန်းစေရန် ကြံဆောင်လုပ်ကိုင်နိုင်ကြမည် ဟူသောလိုအပ်ချက်များကိုအကောင်အထည်ဖော် ဆောင်ရွက်ရေးအစီအစဉ်ကိုရေးဆွဲကြခြင်းဖြစ်သောကြောင့် မိမိတို့ကျေးရွာ၏ ရည်မှန်းချက်ပန်းတိုင်ကိုသတ်မှတ်ဖော်ထုတ်ထာသောအစီအစဉ်များဖြစ်သည်ဟုလည်းဆိုနိုင်ပါသည်။

ဤကျေးရွာလက်စွဲစာအုပ်မှတ်တမ်းပေါ်ထွက်လာစေရန်အတွက် အဓိကကူညီပံ့ပိုး၍အချက်အလက်များကိုကျေးရွာအတွင်းစကားဝိုင်းနှင့် ဆွေးနွေးပွဲများ ပြုလုပ်ကာမှတ်တမ်းပြုစုသူများမှာလည်းဤကျေးရွာမှပင်ဖြစ်ကာယခုကဲ့သို့ မှတ်တမ်းပြုစုနိုင်ရန်အတွက်လည်းActionAid (INGO) အဖွဲ့တွင်သင်တန်းတက်ရောက်ခဲ့ပါသည်။ ကျေးရွာလက်စွဲစာအုပ် အောင်မြင်စွာပေါ်ထွက်လာစေရန်အတွက် မြိုင်မြို့နယ် မြို့နယ်ဌာနဆိုင်ရာများ၏ တာဝန်ပေးချက်အရအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုယ်စားဒုတိယဦးစီးမှူး ဦးရဲကျော်သူဝင်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနကိုယ်စားဦးစီးမှူးဒေါ်စန်းစန်းမြင့် နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုယ်စားဒုတိယဦးစီးမှူး ဒေါ်ဇင်မာဝင်းတို့မှလည်း အဓိကဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

ထို့ကြောင့်ကျေးရွာလက်စွဲစာအုပ်သည် လူမှုလုပ်သောဘေးအန္တရာယ်များ နှင့် သဘာဝဘေးအန္တရာယ်တို့ကိုမည်ကဲ့သို့ကြိုတင်ကာကွယ်ရမည်၊ ထိခိုက်မှုကိုမည်ကဲ့သို့လျော့နိုင်မည် အစရှိသည့်နည်းလမ်းများကိုလုပ်ဆောင်လာနိုင်ရန် လမ်းညွှန်မှုများကိုလည်းပြုလုပ်နေခြင်းဖြစ်၍ဘေးအန္တရာယ်ကြောင့် မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊

Scanned by CamScanner

actionaid

ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့တွင် ထိခိုက်ဆုံးရှုံးရမှုများကိုလျော့နည်းသက်သာစေမည် လည်း ဖြစ်ပါသည်။

ဤကဲ့သို့ တစ်ရွာလုံး၏ အတွေ့အကြုံဗဟုသုတနှင့် သဘောထားဆန္ဒတို့ကိုတနေရာတည်း၌ စုစည်းတင်ပြထားသောကြောင့် အလွယ်တကူဖတ်ရှု၍ သိရှိနိုင်ကာရေရှည်၌ မိမိတို့၏ တစ်ဦးချင်း၊ မိသားစုနှင့် တစ်ရွာလုံးအတိုင်းအတာအရဖွံ့ဖြိုးတိုးတက်ရေးတွင် အနှောင့်အယှက်အန္တရာယ်တို့ လျော့နည်းကာကျေးရွာတရွာလုံးမှသည် ဒေသတစ်ခုလုံးတိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ရည်သန်ကာအက်ရှင်အေဒ့် (မြန်မာ)အဖွဲ့မှ ကူညီကာမှတ်တမ်းပြုစုအပ်ပါသည်။

(ဤကျေးရွာလက်စွဲစာအုပ်အားဖတ်ရှု၍ နိုင်ငံတော်မှလည်းကောင်း၊ INGO/NGO အဖွဲ့အစည်းအသီးသီးမှလည်းကောင်း၊ မိမိရပ်ရွာမှလည်းကောင်းရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်သိရှိဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပါသည်။)

လေးစားစွာဖြင့်

ဦးအောင်မင်းနိုင်

အပူပိုင်းဇုံဒေသစီမံကိန်းမန်နေဂျာ

အက်ရှင်အေ့ဒ် (မြန်မာ)

၀၉-၇၉၄၄၀၂၆၉၇၊ ၀၆၂-၆၀၄၁၂

Scanned by CamScanner

# ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက်မှတ်တမ်း

ဤမှတ်တမ်းပါအကြောင်းအရာအချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင်ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏ လိုအပ်ချက်များနှင့် ဖြေရှင်းနည်းလမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အဖြေနှင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်နေမှုများကို သေသေချာချာနားလည်သဘောပေါက်လာခဲ့ရပြီး တိကျရှင်းလင်းသောအဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များသည် ယခင်နှင့် ယခု နှိုင်းယှဉ်ပြ၍ သင်ခန်းစာယူစရာများ၊ ကြိုတင် သတိမူစရာများနှင့် ပိုမိုကောင်းမွန်သောနည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူ/သားများ ကိုယ်တိုင် တတ်သိပညာရှင်များနှင့်လည်းကောင်း၊ မိမိဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့ အစည်းများနှင့်လည်းကောင်း၊ ပိုမို၍ အားသွန်ခွန်စိုက်ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည် လည်း ဖြစ်ပါသည်။

အထူးမှာ--ယခုကဲ့သို့ ကျေးရွာသူ/သားများ စုစည်းညီညာစွာ တိုင်ပင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ကြ ပါသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေတိုရော ရေရှည်ပါ ပို၍ ထိရောက်အောင်မြင်မှာမလွဲပါ။

ထို့ပြင် မှတ်တမ်းတင်ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကို တိကျသေချာအကျိုးရှိအောင် ကြိုးစားဖော်ထုတ် လုပ်ကိုင်ပေးကြသော ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးအကျိုးဆောင်လူငယ် မောင်ဝင်းဆွေ၊ မောင်ညာဏ်အေး(ခ) မောင်မြင့်ခိုင်၊ မတင်မိုးခိုင် နှင့် အက်ရှင်အေဒ့်(မြန်မာ)မှ ကွင်းဆင်းဝန်ထမ်းများ၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှ တက်သည့်ပညာရှင်များပင် ဖြစ်ပါတော့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး
မန်ကျည်းလေးပင်ကျေးရွာ၊ ကန်နီအုပ်စု
မြိုင်မြို့နယ်
ဦးမြင့်အောင်

Scanned by CamScanner

# မြေပုံများ ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံရေးဆွဲရခြင်း ရည်ရွယ်ချက်

- ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် လူဦးရေ၊ အိမ်ခြေ၊ မိသားစုများ၏ ထိခိုက်လွယ်သူများနေထိုင်ရာနေရာနှင့် တကွ မှတ်တမ်းတင်နိုင်ရန်။ (သက်ကြီးဦးဆောင်သောအိမ်၊ အမျိုးသမီးဦးဆောင်နေသောနေအိမ်၊ မသန်စွမ်းရှိသောအိမ် စသည်ဖြင့်)
- ကျေးရွာ၏လမ်းတံတား၊ အဆောက်အဦး၊ သောက်သုံးရေရရှိနိုင်မှုအနေအထားများ။
- ကျေးရွာ၏ စိုက်ပျိုးမြေနှင့် မြေယာပိုင်ဆိုင်မှု၊ သစ်တောနှင့်သဘာဝအရင်းအမြစ်များ ရရှိမှုနှင့် အသုံးပြုနိုင်မှု။
- ကျေးရွာ၏ တည်နေရာနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆက်စပ်လုပ်ကိုင်နေမှုများ၊ လူမှု/စီးပွားအခြေအနေ။
- ကျေးရွာ၏ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသော နေရာများအားသတ်မှတ်ဖော်ထုတ်နိုင်ရန်နှင့် ကြိုတင်ကာကွယ်ခြင်းနှင့် ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ရန်။

## ရာသီခါင်ပြဇယားရေးဆွဲရခြင်း ရည်ရွယ်ချက်

- ကျေးရွာအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ မွေးမြူရေးဆိုင်ရာနှင့် ပိုးမွှားရောဂါများ ကျရောက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေမှုကို သိရှိနိုင်ရန်။
- ကျေးရွာ၏ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်တက်သော ကာလများ (မိုးကြီး၊ မိုးခေါင်၊ ရေရှား၊ မီးဘေး စသည့်ဖြင့် )သိရှိနိုင်ကြရန်နှင့် ကြိုတင်ပြင်ဆင်၊ ကာကွယ်နိုင်ကြရန်။
- လူမှုရေးနှင့်ဘာသာရေးပွဲတော်များ ကျင်းပနိုင်မှုအခြေအနေကို မှတ်တမ်းတင်၍ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန် ထိန်းသိမ်းနိုင်ရေး။
- လအလိုက် ဝင်ငွေထွက်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် တွက်ချက်သိရှိပြီး ထွက်ငွေနှင့် ဝင်ငွေမမျှတမှုကို နည်းလမ်းရှာ၍ ဖြေရှင်းနိုင်ရန်။

## ကျေးရွာ၏ ပြဿနာသစ်ပင်ရေးဆွဲရခြင်း ရည်ရွယ်ချက်

- ကျေးရွာ၏ အခက်အခဲပြဿနာများဖြစ်ရခြင်းအကြောင်းအရင်းများကို သတ်မှတ်ဖော်ထုတ်ပြီး အကိုင်းအခက်များသဖွယ် ဖြာထွက်လာသော အကျိုးဆက်များနှင့် အသီးအပွင့်များသဖွယ် ဖြစ်တည်လာသော နောင်ဆက်လက်ဖြစ်ပွားမည့် မျိုးစေ့နှင့် လက်ရှိပြဿနာအသီးအပွင့်များကို သိရှိနားလည်လာပြီး ၎င်းပြဿနာသစ်ပင်ပေါက်ပွားမှုအား မျိုးသုန်းပျောက်ကွယ်သွားအောင် အမြစ်၊ အပင်၊ အကိုင်း၊ အသီးအပွင့်နှင့်မျိုးစေ့များကို ဖယ်ရှား သုတ်သင်နိုင်လာနိုင်စေရန်။
- ဤနည်းသည် မြန်မာစကားပုံပါ"ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်"ဟူသော အကြောင်းအကျိုးပြ ရှင်းလင်း အဖြေရှာခြင်းနှင့် ဆင်တူပါသည်။
- "သတိမမူ ဂူမမြင်"ဟူသော အဆုံးအမအတိုင်း သတိမမူမိခဲ့သော ပြဿနာအခက်အခဲများသည် သစ်ပင်သဖွယ်ရှင်သန်ကြီးထွားနေမှုအား ရပ်တန့်ရန်(သို့)သတိမူမိခဲ့သော်လည်း မဖြေရှင်းနိုင်လောက်အောင် ပြဿနာကြီးထွားနေမှုကို ရှင်းလင်းစွာသိရှိကြပြီး တက်သိပညာရှင်များနှင့် ပူးပေါင်းကာနည်းလမ်းရှာ သုတ်သင်နိုင်လာစေရန်။

Scanned by CamScanner

- ပြဿနာအခက်အခဲများသည် အရေအတွက်နှင့် ပမာဏအားဖြင့် များပြားကြီးမားသောကြောင့် တစ်ခုနှင့်တစ်ခုဆက်နွယ်ကာ ပိုမိုရှုပ်ထွေးသော ပြဿနာသစ်ပင်များစုစည်းပေါ်ပေါက်နေမှုသည် ဆင်းရဲမှုကို ပိုမိုဖြစ်ပေါ်နေစေကြောင်း သိသာထင်ရှားလာစေရန်။
- "သို့သော် အနာသိက ဆေးရှိသည်"ဟူသော လောကဓမ္မတာအတိုင်း အနာကို အတိအကျ သိရှိလာနိုင်စေရန်နှင့် ပျောက်ကင်းအောင်ကုသရန် ဆေးညွှန်းကို တိကျစွာ ဖော်စပ်လာနိုင်စေရန်။

**ပြဿနာဖြေရှင်းမှုစက်ကွင်းရေးဆွဲဖော်ထုတ်ရခြင်း၏ ရည်ရွယ်ချက်**

- ပြဿနာသစ်ပင်များကို ရေးဆွဲဖော်ထုတ်သတ်မှတ်ပြီးနောက် တစ်ဆက်တည်းဖြေရှင်း အဖြေရှာမှုကိုပါ ဆက်တိုက်လုပ်ဆောင်ခြင်းအားဖြင့် ကျေးရွာသူ/သားများ၏ အတွေးအမြင်၌ မဖြစ်နိုင်ဟူသော သံသယသည် ကင်းစင်ပပျောက်စေပြီး ပိုမိုစိတ်အားထက်သန်ကာ "လိုလျှင်ကြံဆ နည်းလမ်းရ" ဟူသောဆောင်ပုဒ်အတိုင်း အများနှင့်အတူ ဆွေးနွေးတိုင်ပင်ကာ နည်းလမ်းများကို ကြံဆနိုင်စေရန်။

**ထူးခြားဖြစ်စဉ်ပြဇယား ရည်ရွယ်ချက်**

- ထူးခြားစွာဖြင့် မိမိရပ်ရွာသူ/သားများကို အခက်အခဲအကြပ်အတည်းတွေ့စေခဲ့သော ခုနှစ်များကို သက်ကြီးစကားသက်ငယ်ကြားဖြင့် ဖော်ထုတ်မှတ်တမ်းတင်ခြင်းငြဖို့ မျိုးဆက်နှစ်ဆက်သုံးဆက် အလွန်ကာလနှင့် ယခုကာလအထိ အခက်အခဲအကြပ်အတည်းများကို သိရှိလာစေပြီး နောင်အခါတွင် ၎င်းအခက်အခဲမျိုးဖြစ်ပေါ်နိုင်ခြေကို သတိရှိသွားပြီး ကြိုတင်ပြင်ဆင် ကာကွယ်မှုလုပ်ဆောင်နိုင်စေရန်။
- အထူးအားဖြင့် လူအများစုအား အတိဒုက္ခရောက်စေခဲ့သော ကြီးမားသည့် သဘာဝဘေးအန္တရာယ် ထိခိုက်ခဲ့ရမှုများနှင့် လူတို့ကဖန်တီးခဲ့သော ဘေးအန္တရာယ်များကြောင့် ရပ်ရွာသူ/သားများ အခက်အခဲအကြပ်အတည်းဖြစ်ပေါ်ခဲ့ရမှုများကို သင်ခန်းစာရယူနိုင်ရန် နှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်အသိများရရှိစေရန်။
- အပြောင်းအလဲဖြစ်ပေါ်တိုးတက်မှုသည် "အကောင်း""အဆိုး"ဒွန်တွဲနေနိုင်သည်ကို သင်ခန်းစာ ရရှိစေရန်။
- အပူပိုင်းဇုံဒေသသည် မိုးခေါင်ခြင်း သီးနှံများပျက်စီးဆုံးရှုံးရမှု၊ သောက်ရေနှင့် စိုက်ပျိုးရေ အခက်အခဲ အခက်အခဲဖြစ်ရခြင်းနှင့် စားနပ်ရိက္ခာအခက်အခဲဖြစ်ရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသောအချက်သည် သာမန်ဖြစ်ရိုးဖြစ်စဉ်ဟု အမြင်ရှိနေသော မျိုးဆက်သစ် အသက်အရွယ်ငယ်ရွယ်သူများက ထင်မှတ်နေမှုကို ယခင်ကလည်း ကြုံဖူးသည်ဟူသော ထင်ရှားသော သတိပေးမှုကြောင့် ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းနည်းလမ်းများကို ရှာဖွေ၍ ရပ်ရွာ၏မိုးခေါင်မှု၊ ရေကြီးမှု၊ သီးနှံဖျက်ပိုးဒဏ်၊ မြေဆီလွှာပျက်စီးမှု၊ လမ်းပန်းဆက်သွယ်ရေးမကောင်းရမှု၊ ပညာရေး နှောင့်နှေးရမှု၊ သတင်းဆက်သွယ်ရေးအခက်အခဲ စသည့်တို့သည် ဆင့်ကဲဖြစ်စဉ်များအဖြစ် ရပ်ရွာလူထုအား ပိုမိုဆင်းရဲမှု အခက်အခဲကို ဖြစ်ပေါ်စေနေသည့်ကို ထင်ရှားသိစေရန်။
- ၎င်းနည်းလမ်းများသည် တစ်ယောက်အားဖြင့် ယူသော်မရ အများအားဖြင့် ယူသော်ရ၏ ဟူသော လမ်းညွှန်ဆုံးမမှုအတိုင်း မိမိမသိသည်ကို သိသူက၊ မိမိမစွမ်းနိုင်သည်ကို စွမ်းနိုင်သူက၊ မိမိမလုပ်နိုင်သည်ကို လုပ်နိုင်သူက တာဝန်ယူကာ ဖြေရှင်းမည့်နည်းလမ်းများ ပေါ်ထွက်လာစေရန်။
- ယခုကဲ့သို့ အခက်အခဲပြဿနာများသည် ရပ်ကွက်အတွက် ဆင်းရဲမှုဟူသော ဝန်ထုတ်ဝန်ပိုးသည် ဆွဲအားအောက်သို့ သက်ရောက်မှုကို ဖြစ်ပေါ်စေရာမှနည်းလမ်းများတည်းဟူသော မိုးပျံပူဖေါင်းများက ဆွဲ မလိုက်၍ အောက်ဆွဲအားကို ဆန့်ကျင်ဖယ်ရှားလျှက် အထက်သို့ပေါ့ပါးစွာ ရုန်းထွက်ပျံတက်သွားနိုင်ပုံကို ဥပမာတင်စား၍ ရှင်းလင်းအဖြေရှာ တင်ပြခြင်းဖြင့် နားလည်စေခြင်း။

Scanned by CamScanner

- "ဆင်းရဲမှု" နှင့် "ဆင်းရဲမှုမှ လွတ်မြောက်မှု" အားပြိုင်ဆွဲငင်ကြသောကြောင့် အားသက်ရောက်မှု စက်ကွင်းဟု ခေါ်ဝေါ်သုံးနှုန်း၍ အားထုတ်ရမည်ဟူသော အသိကို ရရှိစေခြင်း။

**အနာဂတ်မျှော်မှန်းချက်ပြမြေပုံရေးဆွဲရခြင်း ရည်ရွယ်ချက်**

- အိပ်မက်မြေပုံသည် ကျေးရွာနှင့်ရွာသူရွာသားတို့ လူမှုစီးပွားအခြေအနေအရပ်ရပ်ကို မည်ကဲ့သို့ မြင်တွေ့လိုပါကြောင်း ရွာသူရွာသားတို့၏ဆန္ဒနှင့် သဘောထားတို့ကို ထင်ဟပ်သော အနာဂတ် မျှော်မှန်းချက်များ၏ ပုံသဏ္ဍာန်ဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် အေးချမ်းသာယာမှုကို ရွာသူရွာသားများ ကိုယ်တိုင် ပုံဖော်ကြည်မည့် အစီအစဉ်များအား အဓိကထား၍ မျှော်မှန်းကာအနာဂတ်ကို အလှပ ဆုံးနှင့် အဓိပ္ပါယ်အရှိဆုံးဖြစ်လာရန် မဏ္ဍမခြေလှမ်းပင် ဖြစ်ပါတော့သည်။

**ကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ဖော်ဇယားရေးဆွဲရခြင်း ရည်ရွယ်ချက်**

- လက်တွေ့အကောင်အထည်ဖော်မည့် အစီအစဉ်သည် ကျေးရွာ၏ လိုအပ်ချက်များ ဦးစားပေး လုပ်ဆောင်ရန် အစီအစဉ်နှင့် အနာဂတ်ကျေးရွာအိမ်မက်များကို အမှန်တကယ်ရရှိလာနိုင်ရန် အတွက် တိကျသေချာသောတာဝန်ခွဲဝေယူမှုနှင့် မည်သို့လုပ်ဆောင်မည်၊ မည်သူကလုပ်ဆောင် မည်နှင့် မည်သည့်အချိန်တွင် လုပ်ဆောင်ကြည်မည်များကို ကျေးရွာသူ၊သားများကို ကိုယ်တိုင်တာ ဝန်ခွဲဝေသတ်မှတ်ကြခြင်းဖြစ်ပါသည်။

**အမျိုးသမီးဆိုင်ရာသုံးသပ်ချက် ရေးဆွဲခြင်း ရည်ရွယ်ချက်**

- အမျိုးသမီးသက်ငယ်/သက်ကြီး(ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေတို့ကို မှတ်တမ်းပြုစုနိုင်ပြီး အခက်အခဲများအား ကျော်လွှား လာနိုင်ကာ မိသားစုနှင့် ရပ်ရွာကို ဦးဆောင်နိုင်မှု အခွင့်အလမ်းနှင့် စွမ်းဆောင်ရည်များ ပိုမို တိုးတက်လာစေရန်။
- "ပုခက်လွှဲသောလက်သည် ကမ္ဘာကို ကိုင်လှုပ်နိုင်သော ခွန်အားနှင့် စွမ်းရည်အပြည့်အဝရှိသည်" ဆိုသည့် ဆိုရိုးစကားအား ပိုမိုကျယ်ပြန့်စွာ အသိအမှတ်ပြုလာနိုင်စေရန်။
- ကျား၊ မ တန်းတူညီမျှရေး ရပ်ရွာမှ သိမြင်လက်ခံလာပြီး ခွဲခြားဆက်ဆံမှုပပျောက်နိုင်ရန်၊ ညီမ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့သည် ညီ၊ အစ်ကို၊ အဖေ၊ အဖိုး၊ ဦးရီးတို့နှင့်အတူတူပင် စွမ်းဆောင် ရည်များ ပြည့်ဝကြောင်း ထင်ရှားသိလာကြစေရန်။

**ကျေးရွာအခြေခံ သတင်းအချက်အလက် အနှစ်ချုပ်**

- ကျေးရွာအမည် = မန်ကျည်းလေးပင်
- ကျေးရွာအုပ်စု = ကန်နီ
- မြို့နယ် = မြိုင်
- တိုင်းဒေသကြီး = မကွေး
- မိသားစု စုစုပေါင်း = ၈၃၅
- အိမ်ထောင်စု စုစုပေါင်း = ၁၀၀

အသက်အပိုင်းအခြားအလိုက် ဦးရေ

| လူဦးရေ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| လူဦးရေ စုစုပေါင်း | ၄၁၁ | ၄၂၄ | ၈၃၅ |
| ၀ မှ ၅ နှစ်အောက် | ၂၁ | ၂၁ | ၄၂ |
| ၅ မှ ၁၃နှစ်အောက် | ၄၀ | ၄၃ | ၈၃ |
| ၁၃ မှ ၁၈ အောက် | ၂၉ | ၂၇ | ၅၆ |
| ၁၈ မှ ၃၅ နှစ်အောက် | ၁၆၈ | ၁၃၆ | ၃၀၄ |
| ၃၅ မှ ၆၀ နှစ်အောက် | ၁၀၃ | ၁၃၁ | ၂၃၄ |
| ၆၀ နှစ်နှင့် အောက် | ၇၀ | ၆၈ | ၁၃၈ |

Scanned by CamScanner

| မိသားစုအမျိုးအစား | တောင်သူ | ကျပန်း | ထန်း | ပေါင်း |
|---|---|---|---|---|
| သက်ကြီးဦးဆောင်သောမိသားစု စုစုပေါင်း | ၆ | ၆ | - | ၁၂ |
| အမျိုးသမီးဦးဆောင်သော မိသားစု စုစုပေါင်း | ၆ | ၃၁ | - | ၃၇ |
| မသန်စွမ်းဦးဆောင်မိသားစု | - | - | - | - |

အဓိကအသက်မွေးဝမ်းကြောင်း နှင့် ပါတ်သက်သော ပိုင်ဆိုင်မှုများ

- ဆိုင်ကယ် = ၁၅၂ စီး
- ဖုန်း = ၅၄၈ လုံး
- နွားလှည်း = ၆၀ စီး
- နွားလှည်း(ရေစည်) = ၂ စီး
- တီဗွီ/ဗီဒီယို = ၅၄ လုံး
- စက်ဘီး = ၆၆ စီး
- ဂြိုလ်တုစလောင်း = ၃ လုံး
- နွားစာစဥ်းစက် = ၂၅ လုံး
- ဆီကြိတ်စက် = ၂ လုံး
- အပ်ချုပ်စက် = ၃၄ လုံး
- ချွေလှေ့စက် = ၁ လုံး
- ရိတ်သိမ်းစက် = -
- လယ်ထွန်စစက် = ၁ စီး
- လက်တွန်းထွန်စက် = ၂၁ စီး
- သုံးဘီး = ၁ စီး
- ထော်လာဂျီ = ၃ စီး
- ကား = ၃ စီး
- ရေနံတူးစက် = -

မွေးမြူရေးဆိုင်ရာ ပိုင်ဆိုင်မှုများ

- နွား(ခိုင်း) = ၁၁၉ ကောင်
- နွား(မွေး) = ၉ ကောင်
- ဝက် = -
- ကြက်ခြံ = -
- ဆိတ် = ၃၀ ကောင်

ရွှေ့ပြောင်းလုပ်သားဦးရေ

- ပြည်တွင်း = ၁၆၁ ဦး
- ပြည်ပ = -

စိုက်ပျိုးမြေပိုင်ဆိုင်မှု

- လယ်မြေ = ၁၂၇. ၃၅ ဧက
- ယာမြေ = ၈၈၂. ၅၀ ဧက
- ဥယျာဉ်ခြံ = -
- ပလပ်မြေ/ကျစ်မြေ = -

Scanned by CamScanner

- သနပ်ခါးစိုက်ပျိုးမြေ = ၇၃.၀၅ ဧက
- စကျက်မြေ = -
- သစ်တောမြေ = -

သောက်သုံးရေ ရရှိမှု

- အဝီစိစက်ရေတွင်း = ၁ တွင်း
- ရေလှောင်ကန် = -
- ဂွေကျယ် ရေတွင်း = -
- မြေသားရေကန် = ၄ တွင်း
- မြစ် = -
- ချောင်း = ၁ ချောင်း
- ဆည် = -
- လက်နှိပ်တုံကက် = -
- ရေပိုက်လိုင်းသွယ် = ၄

အလုပ်အကိုင် ပိုင်ဆိုင်မှုနှင့် ထိခိုက်လွယ်အုပ်စု အမျိုးအစားအရ မှတ်တမ်း

| စဉ် | အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမည် | ဦးရေ |
|---|---|---|
| ၁ | နေ့စားလုပ်သား | |
| ၂ | ထန်းတောပိုင်သူ | |
| | ထန်းပင်(၂၀)အောက်ပိုင်သူ | |
| | ထန်းပင်(၂၀ မှ ၅၀ ကြား)ပိုင်သူ | |
| | ထန်းပင်(၅၀ မှ ၁၀၀ ကြား)ပိုင်သူ | |
| | ထန်းပင်(၁၀၀)အထက် ပိုင်သူ | |
| ၃ | ထန်းလုပ်သား | - |
| ၄ | ဈေးရောင်း | ၁ |
| | အကြော်/ပဲပြုတ် | |
| | ဟင်းသီးဟင်းရွက် | |
| | ကုန်စုံဆိုင်(အကြီး) | |
| | ကုန်စုံဆိုင်(အသေး) | ၂ |
| ၅ | လယ်ယာပိုင်ဆိုင်သူ | |
| | လယ်/ယာ (၁)ဧက အောက်ပိုင်သူ | ၁၂ |
| | လယ်/ယာ (၂)ဧက အောက်ပိုင်သူ | ၁၂ |
| | လယ်/ယာ (၃)ဧက အောက်ပိုင်သူ | ၁၁ |
| | လယ်/ယာ (၄)ဧက အောက်ပိုင်သူ | ၇ |
| | လယ်/ယာ (၅ မှ ၉)ဧက ကြားပိုင်သူ | ၁၅ |
| | လယ်/ယာ (၁၀ )ဧကနှင့်အထက်ပိုင်သူ | ၁၃ |

Scanned by CamScanner

အလုပ်အကိုင် ဆိုင်ရာများ

| | | | |
|---|---|---|---|
| ♦ | တောင်သူ | = | ၇၀ |
| ♦ | ထန်းတက်သူ | = | - |
| ♦ | စက်ပြင်သူ | = | - |
| ♦ | ပန်းရံလက်သမားသူ | = | ၁၃ |
| ♦ | လက်မှုပညာလုပ်ကိုင်သူ | = | - |
| ♦ | ထန်းသားဖျင်းသူ | = | - |
| ♦ | ကျောက်ထုသူ | = | - |
| ♦ | မုန့်လုပ်သူ | = | - |
| ♦ | အကြော်ကြော်ရောင်းသူ | = | - |
| ♦ | ယက္ကန်းယက်သူ | = | - |
| ♦ | ပန်းဘဲ ပြုလုပ်သူ | = | - |
| ♦ | ရေနံဖော်သူ | = | - |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကန်နီကျေးရွာအုပ်စု၊ မန်ကျည်လေးပင်ကျေးရွာ လူမှုရေးအရင်းအမြစ်ပြမြေပုံ

ရက်စွဲ၊ ၂၀-၁၂-၂၀၁၇



## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကန်နီအုပ်စု၊ မန်ကျည်းလေးပင်ကျေးရွာ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ၏ အစီရင်ခံစာ

ရက်စွဲ၊ ၂၀၁၆-ခုနှစ်၊ ဒီဇင်ဘာလ(၂၀)ရက်

တည်နေရာ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကန်နီအုပ်စုတွင် တည်ရှိပါသည်။

**မန်ကျည်းလေးပင်ကျေးရွာ၏ သမိုင်း**

လွန်ခဲ့သောနှစ်ပေါင်း(၁၅၀)နှစ်(၂၀၀)နှစ်ခန့်က မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ထန်းဘုန်းတောကျေးရွာမှ လာပြီး မယ်ညိုသည် တောင်သူယာလုပ်/ယာခင်းစောင့်နေရာ မောင်များက စိတ်မချ၍ လိုက်လာစောင့်ရှောက်ပေးရမှ စတင်ဖြစ်လာပြီး တစ်ဖြည်းဖြည်းတဲအိမ်ကလေးများ တိုးချဲ့လာပါသည်။

မယ်ညို၏ အမျိုးသားမှာ ဖိုးပွတ်တာဖြစ်၍ သား/သမီး (၇)ယောက် ထွန်းကားပြီး သား(၅)ယောက် သမီး(၂)ယောက် ဖြစ်ပါသည်။

မယ်ညို၏ သားများမှာ ဖိုးပေါ်ရွဲ့၊ ဖိုးပေါ်ထွန်း၊ ဖိုးပေါ်ဂဲ့၊ ဖိုးပေါ်လွန်း၊ ဖိုးသာဂျော်၊ သမီးများမှာ မယ်ပြည်စုံ၊ မယ်မဲတာ တို့ဖြစ်ကြပါသည်။

မယ်ညိုသည် ရှေးလူကြီးများက ရွာရှိလျှင် ကျောင်းရှိမှတင့်တယ်သည်ဆို၍ ယခုရွာဦးကျောင်းတော်ကို တည်ဆောက်ကိုးကွယ်ခဲ့ပြီး ကျောင်းထိုင်ဆရာတော်ကို အိုးဘိုတောကျောင်းမှ ဆရာတော် ဦးရွှေစိုးကို ပင့်၍ ကျောင်းဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

၎င်းဆရာတော်၏ တပည့် မယ်ညို၏သား ဖိုးပေါ်ဂဲသည် ရဟန်းအဖြစ်သို့ ရောက်ရှိ၍ ဘွဲ့အမည်ကို ဦးကလျာဏ ထိုခေတ်က မန္တလေးနေပြည်တော်သို့ သွားရောက်၍ ဗုဒ္ဓစာပေများ သင်ကြားခဲ့ရာ ထိုစဉ်အခါက မင်းတုန်းမင်းတရားကြီးအုပ်စိုးစဉ် သုဓမ္မာဇရပ်တန်းတွင် မင်းတုန်းမင်းတရားကြီး၏သား သီပေါမင်းနှင့် ပထမပြန်စာပြန်ပွဲတွင် အတူစာပြန်ဖတ်ကြသည်။

သီပေါမင်းသားမင်းဖြစ်လာသောအခါ ဆရာတော် ဦးကလျာဏအား တစ်လလျှင် ဆီတစ်သပိတ်၊ ဆွမ်းဆန်တော်တစ်စိတ်လှူဒါန်းခဲ့သည့်အပြင် ပဏ္ဏာတော်အဖြစ် ရွှေဘိန်းချရုပ်ပွားတော်တစ်ဆူကိုလည်း ဆရာတော် ဦးကလျာဏအား ပူဇော်စေခဲ့သည်။ ၎င်းရုပ်ပွားတော်ကို သန်းနုတောကျောင်းတွင် ဖူးမျှော်တွေ့ရှိနိုင်ပါသည်။

ဆရာတော် ဦးကလျာဏကို ဝါတော်(၂၁)ဝါအရတွင် သန်းနုတောကျောင်းမှ ကျောင်းထိုင်ဆရာတော်အဖြစ်ပင့်ဆောင်သွားပါသည်။

ဤရွာကိုတည်ခဲ့သော ဆရာတော် ဦးကလျာဏ၏မယ်တော် မယ်ညို၏ဂူကို ယနေ့တိုင် မန်ကျည်းလေးပင်သုသာန်တွင် တွေ့မြင်နိုင်ပါသည်။

မန်ကျည်းလေးပင်ရွာဟု အမည်တွင်ခဲ့ခြင်းမှာ မန်ကျည်းပင်၊ လေးပင်ပူးပေါက်နေသော သစ်ပင်အောက်တွင် အမှီပြုတဲဆောက်နေရာ ရွာဖြစ်လာသောအခါ မန်ကျည်းလေးပင်ဟု အမည်တွင်ခဲ့ပါသည်။

ရှေးသူကြီးများ တစ်စေ့ထဲမှအပင်လေးပင်ထွက်ပေါက်သည်ဟု ပြောစမှတ်ပြုကြသည်။ ၎င်းအပင်ကြီးကို ယနေ့တိုင်လာရောက်ကြည့်ရှုနိုင်ပါသည်။

မန်ကျည်းလေးပင်ရွာမှ ဆရာတော်ဦးကလျာဏ၏တပည့် သာသနာ့ဝိဇ္ဇာပါရဂူပြုစုရေးသားခဲ့သော လူအမည် ဦးကြည်တင်၊ ဘွဲ့တော် ဆရာတော် ဦးနရန္ဒာဘိ သည် မန်ကျည်းလေးပင်ရွာ ဇာတိဖြစ်၍၎င်း၊ ဆရာတော်သည် ဗုဒ္ဓစာပေများကို ကျွမ်းကျင်လိမ္မာ၍ မန္တလေးမြို့ အနောက်ခင်မကန်တိုက်စာချ ဆရာတော်တစ်ပါးဖြစ်သည်။

Scanned by CamScanner

ဆရာတော် ဦးနရိန္ဒာဘိ ဘဝနတ်ထံပျံလွန်တော်မူသောအခါ မပုပ်မသိုး ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်နေသည်ကို ယနေ့တိုင်ရွှေဘိုမြို့ မင်းကုန်းကျေးရွာ ကိုးဆူကုန်းဘုရားဝိုင်းအတွင်းတွင် ယနေ့တိုင်ဖူးမျှော်တွေ့ရှိနိုင်ပါသည်။

ဆရာတော် ဦးကလျာဏ ကိုဝါတော်(၂၁)ဝါအရတွင် သန်းနုတောကျောင်းမှ ကျောင်းထိုင် ဆရာတော်အဖြစ် ပင့်ဆောင်သွားပါသည်။

ဤရွာကို တည်ခဲ့သော ဆရာတော် ဦးကလျာဏ ၏မယ်တော် မယ်ညို၏ ဂူကို ယနေ့တိုင် မန်ကျည်လေးပင်သုသာန်တွင် တွေ့မြင်နိုင်ပါသည်။

မန်ကျည်းလေးပင်ရွာဟု အမည်တွင်ခဲ့ခြင်းမှာ မန်ကျည်းပင် လေးပင်ပူပေါက်နေသော သစ်ပင် အောက်တွင် အမှီပြုတဲဆောက်နေရာ ရွာဖြစ်လာသောအခါ မန်ကျည်းလေးပင်ဟု အမည်တွင်ခဲ့ပါသည်။

ရှေးလူကြီးများက တစ်စေ့ထဲမှပင် အပင်လေးပင်ထွက်ပေါက်သည်ဟု ပြောစမှတ်ပြုကြသည်။ ၎င်းအပင်ကြီးကို ယနေ့တိုင် လာရောက်ကြည့်ရှုနိုင်ပါသည်။

မန်ကျည်းလေးပင်ရွာမှ ဆရာတော် ဦးကလျာဏ၏ တပည့် သာသနာ့ဝိဇ္ဇပါရဂူ ပြုစုရေး သားခဲ့သော လူအမည် ဦးကြည်တင် ရဟန်းဘွဲ့တော် ဆရာတော် ဦးနရိန္ဒာဘိ သည် မန်ကျည်းလေးပင် ရွာ ဇာတိဖြစ်၍ ၎င်းဆရာတော်သည် ဗုဒ္ဓစာပေများကို ကျွမ်းကျင်လိမ္မာ၍ မန္တလေးမြို့ အနောက်ခင်မကန် တိုက် စာချဆရာတော်တစ်ပါး ဖြစ်ခဲ့သည့်အပြင် သီလ၊ သမာဓိ၊ သိက္ခာတော်တွင် လေးစားထိုက်သော ဆရာတော်တစ်ပါးဖြစ်သည်။

ဆရာတော် ဦးနာရိန္ဒာဘိ ဘဝနတ်ထံပျံလွန်တော်မူသောအခါ မပုပ်မသိုး ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်နေသည်ကို ယနေ့တိုင် ရွှေဘိုမြို့ မင်းကုန်းကျေးရွာ ကိုးဆူကုန်းဘုရားဝိုင်းအတွင်းတွင် ယနေ့တိုင် ဖူးမျှော်တွေ့ရှိ နိုင်ပါသည်။

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်မြောက်ဘက်(၈)မိုင်ကွာ မြိုင်-ထူးမကားလမ်းမကြီး၏ အနောက် ဘက် (၂)မိုင်ခန့်အကွာ ထွန်းမြတ်ရတနာကားလမ်းမကြီး၏ တောင်ဘက်(၂)မိုင်၊ ကန်နက်ကျေးရွာ၏ အရှေ့ဘက်(၂)မိုင်ခန့် ကန်နီကျေးရွာမြောက်ဘက်(၂)မိုင်ကွာ၏ အလည်ဗဟိုတည့်တည့်တွင် တည်ရှိပြီး အကျယ်အဝန်းဧရိယာမှာ(၅၅)ဧက ရှိ၍ တောင်မြောက်ရှည်လျားပြီး အရှေ့အနောက် ကျဉ်းမြောင်း ပါသည်။

**အိမ်ခြေနှင့် လူဦးရေ**

အိမ်ထောင်စုဦးရေမှာဆိုလျှင် (၁၈၀)အိမ်၊ လူဦးရေစုစုပေါင်းမှ(၈၃၅)ဦး၊ (၅)နှစ်အောက်ကျား/ မစုစုပေါင်းမှာ(၄၂)ဦး၊ ကျားဦးရေပေါင်း(၂၁)ဦး၊ မဦးရေပေါင်း(၂၁)ဦး၊ (၅)နှစ်မှ (၁၃)နှစ်ထိ ကျား/မ ဦးရေစုစုပေါင်း(၈၃)ဦးဖြစ်ပြီး၊ ကျားဦးရေပေါင်း(၄၀)ဦး၊ မဦးရေပေါင်း(၄၃)ဦး၊ (၁၃)နှစ်မှ (၁၈)နှစ်ထိ ကျား/မစုစုပေါင်းမှ(၅၄)ဦးဖြစ်ပြီး ကျားဦးရေပေါင်း(၂၉)ဦး၊ မဦးရေပေါင်း(၂၅)ဦး၊ (၁၈)နှစ်မှ (၃၅)နှစ်ထိ ကျား/မဦးရေစုစုပေါင်းမှာ(၃၀၄)ဦးဖြစ်ပြီး၊ ကျားဦးရေပေါင်းမှာ(၁၆၈)ဦး၊ မဦးရေပေါင်း(၁၃၆)ဦး၊ (၃၅)နှစ်မှ (၆၀)နှစ်ထိ ကျား/မဦးရေစုစုပေါင်းမှာ ကျားဦးရေ(၂၃၄)ဦးဖြစ်ပြီး ကျားဦးရေပေါင်း(၁၀၃)ဦး၊ မဦးရေပေါင်း (၁၃၁)ဦး (၆၀)နှစ်အထက် ကျား/မဦးရေစုစုပေါင်းမှာ(၁၁၈)ဦး၊ ကျားဦးရေ(၅၀)ဦး၊ မဦးရေ(၆၈)ဦး အသီးသီးနေထိုင်ကြပါသည်။

Scanned by CamScanner

**စီးပွားရေးအလုပ်အကိုင်**

ကျေးရွာ၏ စီးပွားဖြစ်လုပ်ကိုင်သောလုပ်ငန်းများမှာ တောင်သူ၊လယ်ယာလုပ်ငန်းတွင်(၇၀)ဦး၊ ပညာရေးဝန်ထမ်း(၄)ဦး၊ သဘင်သည်(၅)ဦး၊ လက်သမား(၁၀)ဦး၊ သံပန်း(၁)ဦး၊ ကျွမ်းဘမ်း(၆၅)ဦး အခြေဒေသသို့ သွားရောက်သောနေရာများမှာ ရန်ကုန်၊ မန္တလေး၊ မြို့ကြီးများတွင်(၂၅)ဦး၊ အသီးသီး လုပ်ကိုင်ကြပါသည်။

**ကျန်းမာရေး**

ကျေးရွာအတွင်းကျန်းမာရေးဌာန(ခွဲ)မရှိသဖြင့် အနီးကပ်ဆုံးမှာ ကန်နီကျေးရွာကျန်းမာရေးဌာန သို့ သွားရောက်ပြသကုသရပြီး ခရီးမှာ (၂)မိုင်ကွာ၍ ကြာချိန်မိနစ်(၃၀)၊ ကုသနိုင်မှုမှာ ဖျားနာ၊ သားဖွား၊ ထိခိုက်၊ ရှုနာဖြစ်ခြင်း၊ သားဖွားကို ကုသနိုင်ပါသည်။

**ပညာရေး**

ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းအဆင့်တွင် ရှိပြီး ကျောင်းဝန်းဧရိယာဧက(၁. ၈၃) ဧက၊ အလျား(၃၁၅)ပေ၊ အနံ(၂၇၀)ပေ(၁. ၆. ၁၉၉၅)ခုနှစ်တွင် ဖွင့်လှစ်ပြီး တိုးချဲ့ပင်မဆောင်(၁၉၉၀) ခုနှစ်တွင် အိုင်ပုံသဏ္ဍာန်ကျောင်းဆောင် အလျား(၉၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့်(၁၂)ပေ အမိုးသွပ်၊ အကာ အုတ်၊ အခန်းရေ(၃)ခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားပါသည်။

ပညာရေးဝန်ထမ်းဦးရေမှာ(၆)ဦး၊ ကျား(၂)ဦး၊ မ(၄)ဦး၊ သင်ထောက်ကူပစ္စည်းများပြည့်စုံမှုရှိခြင်း၊ အိမ်သာလောက်မှုမရှိ၊ သောက်သုံးရေ အဝိစိတွင်းရေ လုံလောက်မှု ရှိပြီး၊ ကျောင်းသား/သူစုစုပေါင်း (၅၂)ဦး၊ ကျောင်းသားဦးရေ(၂၃)ဦး၊ ကျောင်းသူဦးရေ(၂၉)ဦး တို့ဖြစ်ပါသည်။

**ရာသီဥတု အခြေအနေ**

နွေရာသီမှာ မတ်လ၊ ဧပြီလ၊ မေလ၊ ဇွန်လ ဖြစ်ပြီး မိုးရာသီမှ ဇူလိုင်လ၊ ဩဂုတ်လ၊ ဒီဇင်ဘာလ၊ အောက်တိုဘာလနှင့် ဆောင်ရာသီမှာ နိုဝင်ဘာလ၊ စက်တင်ဘာလ၊ ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလ တို့ဖြစ်ကြသည်။

မြန်မာလအရ နွေရာသီ တပေါင်းလ၊ တန်ခူးလ၊ ကဆုန်လ၊ နယုန်လဖြစ်ပြီး၊ မိုးရာသီမှာ ဝါဆိုလ၊ ဝါခေါင်လ၊ တော်သလင်း၊ သီတင်းကျွတ်လနှင့် ဆောင်ရာသီမှာ တန်ဆောင်မုန်းလ၊ နတ်တော်လ၊ ပြာသိုလ၊ တပို့တွဲလများ ဖြစ်ကြသည်။

**စိုက်ပျိုးရေး**

ကျေးရွာတွင် စိုက်ပျိုးသော သီးနှံများမှာ ပင်ဖြန့်မြေပဲ၊ နှမ်း၊ ပဲစဉ်းငုံ၊ ပြောင်း၊ စပါး၊ ပင်ထောင်မြေပဲ၊ မတ်ပဲ၊ ကုလားပဲ၊ ပဲတီစိမ်းနှင့် နေကြာတို့ စိုက်ပျိုးကြပြီး နှစ်ရှည်ပင် သနပ်ခါးပင်ကိုလည်း သီးညှပ်စိုက် ပျိုးပြီး စိုက်ပျိုးသီးနှံ သစ်ပင်စိုက်ပျိုးသူဦးရေ စုစုပေါင်းမှာ(၁၀၉)ဦး ဖြစ်ပါသည်။

**ရေအရင်းအမြစ်**

ကျေးရွာအတွင်းရှိ လယ်ဧကစုစုပေါင်း(၁၂၇. ၃၅)ဧက၊ ယာဧက စုစုပေါင်း(၈၈၂. ၅၀)ဧက၊ သနပ်ခါးခြံစုစုပေါင်းဧက(၇၃. ၀၅)ဧက၊ နွားကောင်ရေ စုစုပေါင်း(၁၂၈)ကောင်၊ ကြက်ကောင်ရေ(၅၀) ကောင်၊ ဆိုင်ကယ်စီးရေစုစုပေါင်း(၁၅၂)စီး၊ စက်ဘီးစုစုပေါင်း(၆၆)စီး၊ တီဗွီစုစုပေါင်း(၅၄)လုံး၊ စကိုင်းနက် (၃)လုံး၊ မီးစက်(၇)လုံး စသည်တို့ ဖြစ်ပါသည်။

**ဘာသာရေးပွဲတော်**

ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း(၁)ကျောင်း၊ ဘုရားစေတီတောင်များမှာ သုံးဆူတန်းစေတီ ဖြစ်ပြီး သုံးဆုတန်းစေတီကြားတွင် ရှစ်မျက်နှာစေတီ၊ သိမ်တိုက်၊ ဘုရားတန်ဆောင်းတံခွန်၊ ကျောင်းဆောင် အဆောက်အဦးမှာ(၃)ဆောင်၊ အတန်းလိုက်တည်ဆောက်ပြီး ကျေးရွာသူ/သားများမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။

Scanned by CamScanner

နှစ်စဉ် ကျင်းပသော ပွဲတော်မှ တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လ ညောင်ရေသွင်းပွဲ၊ နယုန်လ ယဉ်ကျေးလိမ္မာစာပြိုင်ပွဲ၊ ဝါဆိုလ၊ ဝါခေါင်၊ တော်သလင်းလများတွင် ဥပုသ်သီလဆောက်တည်ပွဲ၊ သီတင်းကျွတ်လ မီးထွန်းပွဲ၊ တန်ဆောင်မုန်းလ မြေပဲကန်တော့ပွဲ၊ နတ်တော်လ ဗုဒ္ဓပူဇနိယသံဃဒါန ဆွမ်းလောင်းပွဲ၊ ပြာသိုလတွင် သားရှင်ပြု၊ သမီးနားသအလှူပွဲ၊ တပို့တွဲလ ထမင်းနဲပွဲ၊ တပေါင်းလ တပေါင်းပွဲတော်တို့ ဖြစ်ပါသည်။

**ရေရရှိမှု**

ကျေးရွာတွင် အသုံးပြုသော ရေသိုလှောင်မှုမှာ ရေရရှိအောင် အဝီစိတွင်းမှ ရေကို အင်ဂျင်စက်ဖြင့် စုပ်ယူပြီး ရေသိုလှောင်မှုကို အလျား(၁၂)ပေ၊ အနံ(၁၂)ပေ၊ အမြင့်(၃၀)ပေ၊ သံဘောင်များဖြင့် တည်ဆောက်ပြီး ရေသိုလှောင်မှုကို ဖိုက်ဘာကန်(၃)လုံးတင်ပြီး ရေပိုက်လိုင်(၄)လိုင်းဖြင့် အိမ်အရောက် ပေးဝေပါသည်။

ရေရရှိမှုအစီဝိတွင်းမှာ(၁၉၈၂)ခုနှစ်တွင် စတင်တူဖော်ပြီး အနက်ပေ(၃၆၀)ပေ၊ တွင်းလက်မ(၆)လက်မနှင့် အဝီစိတွင်းသက်တမ်းမှာ နှစ်ပေါင်း(၃၄)နှစ် ကြာပြီး ရေပိုက်များ ဆွေးမြေ့ပြီး ခဏခဏ စီးမှုများ ကြုံတွေ့ရသဖြင့် အခက်အခဲမှာ(၂)မိုင် ကွာဝေးသော ကန်နီ သို့ရင်း၊ ပေါက်ယုပ်ပေါ ကျေးရွာသို့ ၎င်း၊ ကန်နက်ကျေးရွာသို့ သွားရသဖြင့် အချိန်ကြာမှုမှာ(၃၀)မိနစ် ကြာပါသည်။

**အခြားရင်ဆိုင်နေရသော အခက်အခဲများ**

ရင်ဆိုင်နေရသော အခက်အခဲများမှာ ကျေးရွာတွင် ကျန်းမာရေးဌာန(ခွဲ)မရှိသဖြင့် အခြားသို့ သွားရသော အချိန်ကုန်မှု အသက်ဆုံးရှုံးမှုများ ၊ပညာရေးတွင်လည်း အခြေခံပညာမူလတန်းကျောင်း အဆင့် မှ အခြေခံပညာအလယ်တန်းအဆင့်မရှိသဖြင့် အချိန်ကြာမှု၊ ပညာရေးအဆင့်နိမ့်ကျမှုနှင့် ကျောင်းဆောင်မှာလည်း မျက်နှာကျက် မရှိသဖြင့် ကျောင်းစတင်ဖွင့်လာသည်မှာ ကျောင်းဆရာ/မများ၊ ကျောင်းသားကျောင်းများ အပူဒဏ်ကို လွန်ကဲစွာ ခံစားရပြီး၊ ကျောင်းဝန်းမှာ လုံခြုံမှုမရှိခြင်း၊ အခန်းဆီများ မရှိခြင်း၊ ဝန်ထမ်းဆောင်မရှိခြင်း၊ စီးပွားရေးတွင်တည်း ကျေးရွာတွင် စားဝတ်နေရေး ရပ်တည်၍ မရသဖြင့် အခြားဒေသများသို့ သွားရောက်ရခြင်းတို့ ဖြစ်ပါသည်။

အဝီစိတွင်း သောက်သုံးရေ အိမ်အရောက်ပေးပို့ထားခြင်းကြောင့် အချိန်ကုန်မှုနည်းခြင်း၊ အခြားလုပ်ငန်းဆောင်ရွက်မှုများကို ပိုမိုဆောင်ရွက်နိုင်သဖြင့် စီးပွားတိုးတက်ပြီး လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေးလုပ်ငန်းများတွင် ပိုမိုဆောင်ရွက်ခြင်း အကျိုးကျေးဇူးများ ခံစားရပါသည်။

**မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကန်နီအုပ်စု၊ မန်ကျည်းလေးပင်ကျေးရွာ**
**လူမှုရေးနှင့်အရင်းအမြစ်ပြ မြေပုံမှတ်တမ်း**

| | | |
|---|---|---|
| ကျေးရွာ | = | မန်ကျည်းလေးပင် |
| ရက်စွဲ | = | ၂၀. ၁၂. ၂၀၁၆ |
| အချိန် | = | နေ့လည်(၁း၀၀)နာရီ မှ (၃း၀၀)နာရီထိ |
| နေရာ | = | ရွာလယ် ဓမ္မာရုံ |
| မှတ်တမ်းရေးသူ | = | မောင်မြင့်ခိုင် |
| ဆွေးနွေးပွဲတက်ရောက်သူ | = | (၁၀၀)ဦး |

အကြောင်းအရာ။ ။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ ရေးဆွဲခြင်း။

ဆွေးနွေးပွဲစတင်ချိန်တွင် ပထမဦးစွာ တက်ရောက်လာသော ကျေးရွာလူထုအား ဦးဝင်းဆွေ မှ နှုတ်ခွန်းဆက်စကား ပြောကြား၍ စတင်ဆွေးနွေးပြီး အရှေ့၊ အနောက်လမ်းမကြီးကို ဦးမြင့်အောင် မှလည်းကောင်း၊ တောင်မြောက်လမ်းမကြီးကို ဦးဝင်းမောင်လေး မှ ဆွေးနွေးတင်ပြ၍ အရှေ့အနောက် တောင်၊မြောက်လမ်းမကြီးကို စတင်ဦးတည်၍ ဒေါ်တင်မိုးခိုင်မှ မြေပုံရေးဆွဲပါသည်။

Scanned by CamScanner

ဘုန်းတော်ကြီးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း၊ စက်ရေတွင်း၊ ရေကန်ဘုရား၊ ဇရပ်၊ ဓမ္မာရုံ ကို ဦးထွန်းပေါ မှ ဆွေးနွေးပြီး မြေပုံရေးဆွဲ၍ အိမ်အဆောက်အအုံ၊ ရွာပတ်ဝန်းကျင်ရှိ လယ်ယာလုပ်ငန်းကွင်းများကို ရေးဆွဲပါသည်။

မှတ်တမ်းရေးသူ
မောင်မြင့်ခိုင်

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကန်နီအုပ်စု၊ မန်ကျည်းလေးပင်ကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ တက်ရောက်သူများစာရင်း

၂၀-၁၂-၂၀၁၆

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဦးမြင့်အောင် | | ၂၁ | ဦးဝင်းကြိုင် | |
| ၂ | ဦးထွန်းပေါ | | ၂၂ | ဒေါ်ကြီးစိန် | |
| ၃ | ဦးလှဝင်းခိုင် | | ၂၃ | မဆွေမြိုင်ဝင်း | |
| ၄ | ဦးဝင်းမောင်လေး | | ၂၄ | ဦးထွန်းညွန့် | |
| ၅ | မမာမာဝင်း | | ၂၅ | ဦးသန်းသန်းဦး | |
| ၆ | ဦးရွှေချစ် | | ၂၆ | ဒေါ်အေးမြ | |
| ၇ | ဦးကောင်း | | ၂၇ | ဒေါ်ခင်မာလာ | |
| ၈ | ဦးပေါက်ကျော် | | ၂၈ | ဒေါ်မြရေ | |
| ၉ | ဦးကြည်စိုး | | ၂၉ | ဦးသန်းနိုင် | |
| ၁၀ | ဦးမြင့်ငွေ | | ၃၀ | ဒေါ်ခင်မာကြည် | |
| ၁၁ | ဦးသန်းမြင့် | | ၃၁ | ဒေါ်အေးမြင့် | |
| ၁၂ | ဦးအုံးလွန်း | | ၃၂ | ဒေါ်မြို့ကြည် | |
| ၁၃ | ဦးရဲနိုင်ဦး | | ၃၃ | ဒေါ်သိန်းကြည် | |
| ၁၄ | ဦးစိုးလင်း | | ၃၄ | ဒေါ်သန်းရွှေ | |
| ၁၅ | ဦးထွန်းရောင် | | ၃၅ | ဒေါ်မိုးတင် | |
| ၁၆ | ဦးကြောင်း | | ၃၆ | ဒေါ်အိအောင် | |
| ၁၇ | ဦးကျော်ရှိန် | | ၃၇ | ဒေါ်တင်ညွန့် | |
| ၁၈ | ဦးအောင်ဟိန်းဇော် | | ၃၈ | ဒေါ်သန်းမြ | |
| ၁၉ | ဦးဇော်မင်းဦး | | ၃၉ | ဒေါ်မာလာဝင်း | |
| ၂၀ | ဦးစိန်တူး | | ၄၀ | ဒေါ်ဝင်းသန်း | |

Scanned by CamScanner

| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၄၁ | ဒေါ်သင်းယုဆွေ | |
| ၄၂ | ဒေါ်ဝင်းငွေ | |
| ၄၃ | ဒေါ်မော်ဆန်းလွင် | |
| ၄၄ | ဒေါ်နီနီလှိုင် | |
| ၄၅ | ဦးမြင့်အောင် | |
| ၄၆ | ကိုမျိုး | |
| ၄၇ | ဒေါ်ဝင်းကြည် | |
| ၄၈ | ဦးအုံးခိုင် | |
| ၄၉ | ဦးကျော်ဆွေ | |
| ၅၀ | ဦးသိန်းအောင် | |
| ၅၁ | ဒေါ်စန်းဝင်း | |
| ၅၂ | ဦးဖိုးတိုး | |
| ၅၃ | ဦးဝင်းလှိုင် | |
| ၅၄ | ဦးအောင်လွင် | |
| ၅၅ | ဦးအောင်မျိုးသန့်ဓ | |
| ၅၆ | ဦးမြင့်စိန် | |
| ၅၇ | ဦးလှဝင်း | |
| ၅၈ | ဒေါ်တင်ညွန့် | |
| ၅၉ | ဒေါ်ညွန့်တင် | |
| ၆၀ | ဦးကျော်မြင့် | |
| ၆၁ | ဦးကျော်ဝင်း | |
| ၆၂ | ဦးအုံးပိုင် | |
| ၆၃ | ဦးလှကြည် | |
| ၆၄ | ဦးဆန်းလှိုင် | |
| ၆၅ | ဦးအောင်မိုး | |
| ၆၆ | ဦးမြင့်ခိုင် | |
| ၆၇ | ဦးသိန်းစိုးဝင်း | |
| ၆၈ | ဦးတိုးဝင်း | |
| ၆၉ | ဦးကြည်အေး | |
| ၇၀ | ဦးဉာဏ်ထွန်း | |

| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၇၁ | ဦးအောင်မင်း | |
| ၇၂ | ဦးကျော်ငွေ | |
| ၇၃ | ဦးခိုင် | |
| ၇၄ | ဦးဝင်းမောင် | |
| ၇၅ | ဦးသန်းကြီး | |
| ၇၆ | ဦးမြင့်ဆန်း | |
| ၇၇ | ဦးထွန်းအေး | |
| ၇၈ | ဦးစိုးမင်း | |
| ၇၉ | ဦးသန်း | |
| ၈၀ | ဦးမြင့်သိန်း | |
| ၈၁ | ဦးညိမ်းဖေ | |
| ၈၂ | ဦးငွေအောင် | |
| ၈၃ | ဦးလှစိုး | |
| ၈၄ | ဦးကြည်ဝင်း | |
| ၈၅ | ဦးဝင်းရီ | |
| ၈၆ | ဦးဝင်းရှိန် | |
| ၈၇ | ဒေါ်အေးလှိုင် | |
| ၈၈ | ဦးသောင်းထွန်း | |
| ၈၉ | ဦးဝင်းဆွေ | |
| ၉၀ | ဦးဉာဏ်အေး | |
| ၉၁ | ဒေါ်တင်မိုး | |
| ၉၂ | ဦးဖိုးဆွေ | |
| ၉၃ | ဦးစိုးမင်း | |
| ၉၄ | ဦးသိန်းဖေ | |
| ၉၅ | ဦးလှမြင့်စိုး | |
| ၉၆ | ဦးမြင့်သိန်း | |
| ၉၇ | ဦးမျိုးထွန်း | |
| ၉၈ | ဒေါ်စန်းထိုက် | |
| ၉၉ | ဦးမြဝင်း | |

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကန်နီကျေးရွာအုပ်စု၊ မန်ကျည်းလေးပင်ကျေးရွာ၏ "ရာသီခွင်ပြဇယား"

ရက်စွဲ၊ ၂၀-၀၂-၂၀၁၇

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | | | | | | | | | | | | |
| ၂ | ရောဂါပိုး | | | | | | | | | | | | |
| ၃ | ကျန်းမာရေး(လူ) | | | | | | | | | | | | |
| ၄ | ပညာရေး | | | | | | | | | | | | |
| ၅ | ပွဲတော်များ | | | | | | | | | | | | |
| ၆ | တိရစ္ဆာန်ရောဂါ | | | | | | | | | | | | |
| ၇ | တောင်သူဝင်ငွေ | ၇၀၀၀၀၀ | ၄၀၀၀၀၀ | ၄၅၀၀၀၀ | ၆၀၀၀၀၀ | ၅၀၀၀၀၀ | ၄၄၀၀၀၀ | ၅၅၀၀၀၀ | ၆၅၀၀၀၀ | ၂၅၀၀၀၀ | ၇၀၀၀၀၀ | ၈၀၀၀၀၀ | ၂၈၀၀၀၀ |
| ၈ | တောင်သူထွက်ငွေ | ၇၅၀၀၀၀ | ၄၅၀၀၀၀ | ၅၀၀၀၀၀ | ၅၅၀၀၀၀ | ၆၅၀၀၀၀ | ၄၉၀၀၀၀ | ၆၀၀၀၀၀ | ၇၀၀၀၀၀ | ၇၀၀၀၀၀ | ၇၅၀၀၀၀ | ၈၅၀၀၀၀ | ၂၇၀၀၀၀ |
| ၉ | နေ့စားဝင်ငွေ | ၉၀၀၀၀ | ၈၀၀၀၀ | ၉၅၀၀၀ | ၇၀၀၀၀ | ၁၂၀၀၀၀ | ၁၀၀၀၀၀ | ၈၅၀၀၀ | ၁၅၀၀၀၀ | ၁၁၀၀၀၀ | ၁၇၀၀၀၀ | ၁၆၀၀၀၀ | ၆၀၀၀၀ |
| ၁၀ | နေ့စားထွက်ငွေ | ၇၀၀၀၀ | ၆၅၀၀၀ | ၈၀၀၀၀ | ၅၀၀၀၀ | ၉၀၀၀၀ | ၆၀၀၀၀ | ၅၅၀၀၀ | ၁၀၀၀၀၀ | ၈၅၀၀၀ | ၁၂၀၀၀၀ | ၁၇၀၀၀၀ | ၄၀၀၀၀ |

ထွန်ယက်
စိုက်ပျိုး
အပင်ပေါက်
ပေါင်းသင်
ရိတ်သိမ်း
မြေပဲပင်
မြေပဲခင်းပေါင်းသင်
သီးနှံသိမ်း/တောင်း
ပိုးလောက်လား
ပိုးတီ
ပိုးတိုးလုံး
မျက်စေ့နာ
အအေးမိဖျားနာ
ကျောင်းသွား
စာသင်ကျောင်း
စာအုပ်/စာကျက်
သင်္ကြန်ပွဲတော်
ဥပုတ်စောင့်
ကတော့ပွဲ
ဘုရားပွဲတော်
ရှင်ပြုပွဲတော်
ကြက်ငှက်တုတ်ကွေး
နွားလျှာနာခွာနာ

တောင်သူရှုံးငွေ- ၅၀၀၀၀၀
နေ့စားမြတ်ငွေ- ၃၀၆၀၀၀

Scanned by CamScanner

**မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကန်နီအုပ်စု၊ မန်ကျည်းလေးပင်ကျေးရွာ ရာသီခွင်ပြဇယား အစီရင်ခံစာ**

ရက်စွဲ၊ ၂၀၁၆-ခုနှစ်၊ ဒီဇင်ဘာလ(၂၁)ရက်

**တည်နေရာ**

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကန်နီအုပ်စု ပွင့်တည်ရှိပါသည်။

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၏ မြောက်ဘက်(၈)မိုင်ကွာခန့်၊ မြိုင်-ထူးမကားလမ်းမကြီး၏ အနောက်ဘက်(၂)မိုင်ကွာခန့်၊ ထွန်းမြရတနာကားလမ်းမကြီး၏ တောင်ဘက်(၂)မိုင်ကွာခန့်၊ ကန်နက်ကျေးရွာ အရှေ့ဘက်(၂)မိုင်ကွာခန့်၊ ကန်နီကျေးရွာအမြောက်ဘက်(၂)မိုင်ကွာ၏ အလယ်ဗဟိုတည့်တည့်တွင် ကျည်ရှိ မြေ အကျယ်အဝန်းဧရိယာဧက(၅၅)ဧကရှိ၍ တောင်မြောက်ရှည်လျားပြီး အရှေ့အနောက် ကျဉ်းမြောင်း ပါသည်။

**အိမ်ခြေနှင့်လူဦးရေ**

အိမ်ထောင်စုဦးရေမှာဆိုလျှင် (၁၈၁)အိမ်၊ လူဦးရေစုစုပေါင်းမှ(၈၃၅)ဦး၊ (၅)နှစ်အောက်ကျား/မစုစုပေါင်းမှာ(၄၂)ဦး၊ ကျားဦးရေပေါင်း(၂၁)ဦး၊ မဦးရေပေါင်း(၂၁)ဦး၊ (၅)နှစ်မှ (၁၃)နှစ်ထိ ကျား/မဦးရေစုစုပေါင်း(၈၃)ဦးဖြစ်ပြီး၊ ကျားဦးရေပေါင်း(၄၀)ဦး၊ မဦးရေပေါင်း(၄၃)ဦး၊ (၁၃)နှစ်မှ (၁၈)နှစ်ထိ ကျား/မစုစုပေါင်းမှ(၅၄)ဦးဖြစ်ပြီး ကျားဦးရေပေါင်း(၂၉)ဦး၊ မဦးရေပေါင်း(၂၅)ဦး၊ (၁၈)နှစ်မှ (၃၅)နှစ်ကို ကျား/မဦးရေစုစုပေါင်းမှာ(၃၀၄)ဦးဖြစ်ပြီး၊ ကျားဦးရေပေါင်းမှာ(၁၆၈)ဦး၊ မဦးရေပေါင်း(၁၃၆)ဦး၊ (၃၅)နှစ်မှ (၆၀)နှစ်ထိ ကျား/မဦးရေစုစုပေါင်းမှာ ကျားဦးရေ(၂၃၄)ဦးဖြစ်ပြီး ကျားဦးရေပေါင်း(၁၀၃)ဦး၊ မဦးရေပေါင်း (၁၃၁)ဦး (၆၀)နှစ်အထက် ကျား/မဦးရေစုစုပေါင်းမှာ(၁၁၈)ဦး၊ ကျားဦးရေ(၅၀)ဦး၊ မဦးရေ(၆၈)ဦး အသီးသီးနေထိုင်ကြပါသည်။

**စိုက်ပျိုးရေး**

ကျေးရွာတွင် စိုက်ပျိုးသော သီးနှံများမှာ ပင်ဖြန့်မြေပဲ၊ မိုးဦးနှမ်းနှင့် ပဲစဉ်းငုံ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ကုလားပဲ၊ နေကြာ၊ ပင်ထောင်မြေပဲ၊ စပါး၊ ပြောင်း၊နောက်နှမ်းကြီး စသည်တို့စိုက်ပျိုးကြပြီး စိုက်ပျိုးလုပ် ကိုင်သူဦးရေ စုစုပေါင်းမှာ(၇၀)ဦးတို့ ဖြစ်ပါသည်။

**ရောဂါပိုး**

လအလိုက်ကျရောက်သောရောဂါမိုးမှာ နယုန်လတွင် ပြပိုး၊ ယဉ်ပြူပိုး၊ ဝါဆိုလတွင် သီးလုံးဖောက်ပိုး၊ အာလူးကိုင်း၊ တော်သလင်းလတွင် ပိုးတီ၊ ချ၊ သီတင်းကျွတ်လတွင် ဥစားဖလန်ပိုး၊ လေးပိုး။

စိုက်ပျိုးသောသီးနှံများမှာ တန်ခူးလွင် ထွန်ရေးညက်အောင် ထွန်ရေးပြုပြင်နေရပြီး ကဆုန်လတွင် နှမ်း၊ ပင်ဖြန့်မြေပဲ၊ ပဲစဉ်ငုံ စသည့်သီးနှံများ စိုက်ပျိုး၍ နယုန်လတွင် အပင်ပေါက်ရရှိပြီး၊ ဝါဆိုလတွင် ပေါင်းသက်မြက်ရှင်း မြေမွှခြင်း၊ ဝါဆောင်လတွင် စိုက်ပျိုးထားသော နှမ်းမဲကို မိုးဦးနှမ်းအဖြစ် ရိတ်သိမ်းပါသည်။

တော်သလင်းလရောက်သောအခါ စိုက်ပျိုးထားသော ပင်ဖြန့်မြေပဲမှာ အပွင့်ပွင့်စပြုပြီး မြေပဲ ၍ တော်သလင်းလထဲတွင် ပင်ထောင်မြေပဲစိုက်ပျိုးကြပါသည်။

သီတင်းကျွတ်လရောက်သောအခါ ပင်ဖြန့်မြေပဲ ကြီးထားသန်မာ၍ တန်ဆောင်မုန်း ဖော်ကြပြီး ပြာသိုလ်လ-တပို့တွဲလရောက်သောအခါ ပဲစဉ်ငုံ ရိတ်သိမ်းကြပါသည်။

တပေါင်းလရောက်သောအခါ ယာမြေ၊ လယ်မြေများ ရှင်းလင်းထွက်ယက်

ပင်စည်ထိုးညဉ်ပိုး၊ ငမြောင်းတောင်ပိုး၊ နတ်တော်လတွင် မွှားပင့်ကူ နှင့် ပိုးလောင်မီး စသည့် ကျရောက်ပါသည်။

ကျရောက်သောရောဂါပိုးများကို ခေတ်မှီ စိုက်ပျိုးရေးမှ ညွှန်ကြားသည့် အီမာဆေး၊ အမိုစတား၊ ပိုးသတ်ဆေးများဖြင့် ပတ်ဖြန်းနှိမ်နှင်းအသုံးပြုရပါသည်။

**ကျန်းမာရေး**

ကျန်းမာရေးဝန်ဆောင်မှုမှာ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသဖြင့် (၂)မိုင်ခန့် ဝေးသော ကန်နီကျေးရွာ ကျန်းမာရေးဌာနသို့ သွားရောက်ရပါသည်။ အများဆုံးဖြစ်သော ရောဂါများ ချောင်းဆိုး၊ တုပ်ကွေး၊ ဖျားနာရောဂါနှင့် ရုံဖန်ရုံခါ မျက်စိနာ ရောဂါများ ဖြစ်ပွားပါသည်။

**ပညာရေး**

လအလိုက်ကျောင်းတက်ရက်လများမှာ ကဆုန်လတွင် စတင်သင်၍ နယုန်လ၊ ဝါဆိုလ၊ ဝါခေါင်လ၊ တောင်သလင်းလများတွင် သင်ကြားပြီး သင်ခန်းစာများကို သီတင်းကျွတ်လတွင် ပထမနှစ် ဝက်စာမေးပွဲ ဖြေဆိုပြီး ၊တန်ဆောင်မုန်းလ၊ နတ်တော်လ၊ ပြာသိုလ်လများတွင် ပညာသင်ကြား၍ တပို့တွဲ တပေါင်းလတွင် နှစ်ဆုံးအတန်းတင်စာမေးပွဲကို ဖြေဆိုပါသည်။

ကျေးရွာတွင် ကျောင်းသူ/သားဦးရေစုစုပေါင်း(၅၂)ဦး၊ ကျားဦးရေပေါင်း(၂၃)ဦး၊ မဦးရေပေါင်း(၂၉)ဦး၊ ဆရာ/မဦးရေစုစုပေါင်းမှာ(၆)ဦး၊ ဆရာဦးရေပေါင်း(၂)ဦး၊ ဆရာမဦးရေပေါင်း(၄) ကျောင်းအမျိုးအစားမှာ အခြေခံပညာမူလတန်းကျောင်းအဆင့်ဖြစ်ပြီး ရရှိသော ပညာရေး ဝန်ဆောင်မှု အမျိုးအစားမှာ အခြေခံပညာမူလတန်းကျောင်း ဖြစ်ပါသည်။

ကျေးရွာတွင် ပညာရေးမှာ အခြေခံပညာမူလတန်းအဆင့်တွင် ရှိ၍ အခြေခံပညာအလယ်တန်း၊ အထက်တန်းအဆင့်ကျောင်းများကို (၄)မိုင်ခန့် ကွာဝေးသော အောင်သုခစံပြကျေးရွာသို့ သွားရပြီး ခရီး ကြာချိန်မှာ(၄၅)မိနစ် ပညာရေးနှင့်ရင်ဆိုင်ရသော အခက်အခဲများမှာ ကျောင်းဖွင့်စချိန်တွင် ဇလဒက် မိုးတွင်းအချိန်တွင် လမ်းမှာ ရေစီးကြောင်း၊ ချောက်၊ ရွှံ့၊ ညွန်၊ ရွှံ့ဗွက်များရှိသဖြင့် ကျောင်းသား/သူ များမှာ ကျောင်းအပို့/အကြို များ ပြုလုပ်ကြရပါသည်။

**ပွဲတော်**

လအလိုက်ပြုလုပ်သော ပွဲတော်များမှာ တန်ခူးလ သင်္ကြန်ပွဲ၊ ကဆုန်လ ညောင်ရေသွန်းပွဲ၊ နယုန်လ ဉ်ကျေးလိမ္မာစာဖြေဆိုတော်ပွဲ၊ ဝါဆိုလ၊ ဝါခေါင်လ၊ တော်သလင်းလများတွင် ဥပုသ်သီလဆောက်တည်ပွဲ သီတင်းကျွတ် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလ မြေပဲကန်တော့ပွဲ၊ နတ်တော်လ ရွာဦးကျောင်း ဗုဒ္ဓပူဇနိယ ယာဉ်ဒါနဆွမ်းလောင်းလှူပွဲ၊ ပြာသိုလ်လ သားရှင်ပြု သမီးနားသ အလှူတော်ရေစက်ချပွဲ၊ တပို့တွဲလ ထမင်းနဲပွဲ၊ တပေါင်းလ တပေါင်းပွဲတော် တို့ ဖြစ်ပါသည်။

**မွေးမြူရေးရောဂါ**

မွေးမြူရေးမွေးသော တိရိစ္ဆာန်များမှာ ခိုင်းနွား၊ အလှကြေးတိုးနွားနှင့်ဆိတ်မွေးမြူပြီး မိုးဦးကျ တန်ခူးလ၊ ကဆုန်လများတွင် ခွာနာရှာနာရောဂါ၊ တော်သလင်းလ၊ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလ၊ နတ်တော်လများတွင် အအေးမိ၊ ဖျားနာရောဂါများ ကျရောက်ပါသည်။

**တောင်သူ ဝင်ငွေ/ထွက်ငွေ**

**တောင်သူဝင်ငွေ**

တန်ခူးလတွင် (၃၀၀၀၀၀ိ/-)ကျပ် သုံးသိန်းကျပ်

ကဆုန်လတွင် (၄၀၀၀၀၀ိ/-)ကျပ် လေးသိန်းကျပ်

နယုန်လတွင် (၄၅၀၀၀၀ိ/-)ကျပ် လေးသိန်းငါးသောင်းကျပ်

ဝါဆိုလတွင် (၆၀၀၀၀၀ိ/-)ကျပ် ခြောက်သိန်းကျပ်

Scanned by CamScanner

ဂါခေါင်လတွင် (၅၀၀၀၀၀ိ/-)ကျပ် ငါးသိန်းကျပ်
တော်သလင်းလတွင် (၄၄၀၀၀ိ/-)လေးသိန်းလေးသောင်းကျပ်
သီတင်းကျွတ်လတွင် (၅၅၀၀၀၀ိ/-)ငါးသိန်းငါးသောင်းကျပ်
တန်ဆောင်မုန်းလတွင် (၆၅၀၀၀၀ိ/-)ခြောက်သိန်းငါးသောင်းကျပ်
နတ်တော်လတွင် (၂၅၀၀၀၀ိ/-) နှစ်သိန်းငါးသောင်းကျပ်
ပြာသိုလ်လတွင် (၇၀၀၀၀၀ိ/-)ခုနှစ်သိန်းကျပ်တိတိ
တပို့တွဲလတွင် (၈၀၀၀၀၀ိ/-) ရှစ်သိန်းကျပ်
တပေါင်းလတွင် (၂၈၀၀၀၀ိ/-) နှစ်သိန်းရှစ်သောင်းကျပ်

ာင်သူဝင်ငွေစုစုပေါင်းမှာ (၅၉၂၀၀၀၀ိ/-) ငါးဆယ်ကိုးသိန်းနှစ်သောင်းကျပ်ဖြစ်ပါသည်။

**ာင်သူထွက်ငွေ**

တန်ခူးလတွင် (၃၅၀၀၀၀ိ/-)ကျပ် သုံးသိန်းငါးသောင်းကျပ်
ကဆုန်လတွင် (၄၅၀၀၀၀ိ/-)ကျပ် လေးသိန်းငါးသောင်းကျပ်
နယုန်လတွင် (၅၀၀၀၀၀ိ/-)ကျပ် ငါးသိန်းကျပ်
ဝါဆိုလတွင် (၅၅၀၀၀၀ိ/-)ကျပ် ငါးသိန်းငါးသောင်းကျပ်
ဝါခေါင်လတွင် (၆၅၀၀၀၀ိ/-)ကျပ် ခြောက်သိန်းငါးသောင်းကျပ်
တော်သလင်းလတွင် (၄၉၀၀၀ိ/-)လေးသိန်းကိုးသောင်းကျပ်
သီတင်းကျွတ်လတွင် (၆၀၀၀၀၀ိ/-)ခြောက်သိန်းကျပ်
တန်ဆောင်မုန်းလတွင် (၇၀၀၀၀၀ိ/-)ခုနှစ်သိန်းကျပ်
နတ်တော်လတွင် (၃၀၀၀၀၀ိ/-) သုံးသိန်းကျပ်
ပြာသိုလ်လတွင် (၇၅၀၀၀၀ိ/-)ခုနှစ်သိန်းငါးသောင်းကျပ်တိတိ
တပို့တွဲလတွင် (၈၅၀၀၀၀ိ/-) ရှစ်သိန်းငါးသောင်းကျပ်
တပေါင်းလတွင် (၂၃၀၀၀၀ိ/-) နှစ်သိန်းသုံးသောင်းကျပ်

ာင်သူထွက်ငွေစုစုပေါင်းမှာ (၆၄၂၀၀၀၀ိ/-) ခြောက်ဆယ်လေးသိန်းနှစ်သောင်းကျပ်ဖြစ်ပါသည်။
ာင်သူဝင်ငွေစုစုပေါင်းမှာ (၅၉၂၀၀၀၀ိ/-)ကျပ် ငါးဆယ်ကိုးသိန်းနှစ်သောင်းကျပ်ဖြစ်ပြီး တောင်သူ က်ငွေစုစုပေါင်းမှာ (၆၄၂၀၀၀၀ိ/-) ခြောက်ဆယ်လေးသိန်းနှစ်သောင်းကျပ်ဖြစ်၍ တောင်သူ ဝင်ငွေ ထွက်ငွေ ခြားနားသော အခါ (၅၀၀၀၀၀ိ/-)ကျပ် ငါးသိန်းကျပ်သည် တောင်သူ၏ ရှုံးငွေ က်ငွေဖြစ်ပါသည်။

တောင်သူ ရှုံးငွေ/စိုက်ငွေဖြစ်ရခြင်းမှာ မိုးလေဝသမမှန်ကန်ခြင်း၊ မိုးသည် စိုက်ပျိုးသီးနှံများ ာင်ပြင်ဖြစ်ထွန်းချိန်တွင် မရွာသွန်းခြင်း၊ စိုက်ပျိုးသီးနှံများ ရိတ်သိမ်းချိန်တွင် မလိုအပ်ပဲ မိုးရွာသွန်း င်းကြောင့် စိုက်ပျိုးသီးနှံများ လေလွင့်ပျက်စီးဆုံးရှုံးရခြင်း၊ အလုပ်သမားများ ရှားပါးခြင်း၊ အလုပ်သမား ျား မြင့်တက်ခြင်းတို့ကြောင့် တောင်သူများမှာ ရှုံးရခြင်း ဖြစ်ပါသည်။

**ုစား ဝင်ငွေ/ထွက်ငွေ**

င်ငွေ

တန်ခူးလတွင် (၉၀၀၀၀ိ/-)ကျပ် ကိုးသောင်းကျပ်
ကဆုန်လတွင် (၈၀၀၀၀ိ/-)ကျပ် ရှစ်သောင်းကျပ်
နယုန်လတွင် (၉၅၀၀၀ိ/-)ကျပ် ကိုးသောင်းငါးထောင်ကျပ်
ဝါဆိုလတွင် (၇၀၀၀၀ိ/-)ကျပ် ခုနှစ်သောင်းကျပ်

ဝါခေါင်လတွင် (၁၂၀၀၀ဝိ/-)ကျပ် တစ်သိန်းနှစ်သောင်းကျပ်
တော်သလင်းလတွင် (၁၀၀၀၀ဝိ/-)ကျပ် တစ်သိန်းကျပ်
သီတင်းကျွတ်လတွင် (၈၅၀၀ဝိ/-)ကျပ်ရှစ်သောင်းငါးထောင်ကျပ်
တန်ဆောင်မုန်းလတွင် (၁၅၀၀၀ဝိ/-)တစ်သိန်းငါးသောင်းကျပ်
နတ်တော်လတွင် (၁၁၁၀၀ဝိ/-) တစ်သိန်းတစ်သောင်းတစ်ထောင်ကျပ်
ပြာသိုလ်လတွင် (၁၃၀၀၀ဝိ/-)တစ်သိန်းသုံးသောင်းကျပ်တိတိ
တပို့တွဲလတွင် (၁၆၀၀၀ဝိ/-) တစ်သိန်းခြောက်သောင်းကျပ်
တပေါင်းလတွင် (၆၀၀၀ဝိ/-) ခြောက်သောင်းကျပ်

ာင်သူထွက်ငွေစုစုပေါင်းမှာ(၁၂၅၁၀၀ဝိ/-) တစ်ဆယ့်နှစ်သိန်းငါးသောင်းတစ်ထောင်ကျပ်ဖြစ်ပါသည်။

**စားထွက်ငွေ**

တန်ခူးလ-နေ့စားထွက်ငွေစုစုပေါင်းမှာကျပ်(၇၀၀၀ဝိ/-)ခုနှစ်သောင်းကျပ်
ကဆုန်လ-နေ့စားထွက်ငွေစုစုပေါင်းမှာကျပ် (၆၅၀၀ဝိ/-) ခြောက်သောင်းငါးထောင်ကျပ်
နယုန်လ-နေ့စားထွက်ငွေစုစုပေါင်းမှာကျပ် (၈၀၀၀ဝိ/-) ရှစ်သောင်းကျပ်
ဝါဆိုလ-နေ့စားထွက်ငွေစုစုပေါင်းမှာကျပ်(၅၀၀၀ဝိ/-)ငါးသောင်းကျပ်
ဝါခေါင်လ-နေ့စားထွက်ငွေစုစုပေါင်းမှာကျပ် (၉၀၀၀ဝိ/-)ကိုးသောင်းကျပ်
တော်သလင်းလ-နေ့စားထွက်ငွေစုစုပေါင်းမှာကျပ် (၆၀၀၀ဝိ/-) ခြောက်သောင်းကျပ်
သီတင်းကျွတ်လ-နေ့စားထွက်ငွေစုစုပေါင်းမှာကျပ် (၅၅၀၀ဝိ/-)ငါးသောင်းငါးထောင်ကျပ်တိတိ
တန်ဆောင်မုန်းလ-နေ့စားထွက်ငွေစုစုပေါင်းမှာကျပ် (၁၀၀၀၀ဝိ/-) တစ်သိန်းကျပ်
နတ်တော်လ- နေ့စားထွက်ငွေစုစုပေါင်းမှာကျပ် (၈၅၀၀ဝိ/-) ရှစ်သောင်းငါးထောင်ကျပ်
ပြာသိုလ-နေ့စားထွက်ငွေစုစုပေါင်းမှာကျပ်(၁၂၀၀၀ဝိ/ ) တစ်သိန်းနှစ်သောင်းကျပ်
တပို့တွဲလ-နေ့စားထွက်ငွေစုစုပေါင်းမှာကျပ်(၁၃၀၀၀ဝိ/-) တစ်သိန်းသုံးသောင်းကျပ်
တပေါင်းလ-နေ့စားထွက်ငွေစုစုပေါင်းမှာကျပ်(၄၀၀၀ဝိ/-) လေးသောင်းကျပ်
စုစုပေါင်းထွက်ငွေမှာ ကျပ်(၉၄၅၀၀ဝိ/-) ကိုးသိန်းလေးသောင်းငါးထောင်ကျပ်ဖြစ်ပါသည်။
နေ့စားဝင်ငွေစုစုပေါင်းမှာကျပ်(၁၂၅၁၀၀ဝိ/-)တစ်ဆယ့်နှစ်သိန်းငါးသောင်းတစ်ထောင်ကျပ်ဖြစ်၍
နေ့စားထွက်ငွေစုစုပေါင်းကျပ်(၉၄၅၀၀ဝိ/-)ကိုးသိန်းလေးသောင်းငါးထောင်ကျပ်-
နေ့စားဝင်ငွေ/ထွက်ငွေခြားနားသောအခါ ပိုလျှံငွေကျပ်(၃၀၆၀၀ဝိ/-) သုံးသိန်းခြောက်ထောင်
ကျပ်/ပိုလျှံခြင်းမှာ-အလုပ်များပေါများခြင်း၊အလုပ်/လုပ်ခများမြင့်တက်၍ ရခြင်းဖြစ်ပါသည်။

## မကွေးတိုင်းဒေသကြီး၊ကန်နီအုပ်စု၊မန်ကျည်းလေးပင်ကျေးရွာ
## ရာသီခွင်ပြဇယား၏မှတ်တမ်း

ကျေးရွာ. . . . . . . . မန်ကျည်းလေးပင်
ရက်စွဲ. . . . . . . . . ၂၁. ၁၂. ၂၀၁၆
အချိန်. . . . . . . . . နေ့လည်(၁း၀၀)နာရီမှ(၃း၀၀)နာရီထိ
နေရာ. . . . . . . . . ရွာလည်ဓမ္မာရုံ
မှတ်တမ်းရေးသူ. . . . မောင်မြင့်ခိုင်
ဆွေးနွေးပွဲတက်ရောက်သူ. . (၄၂)ဦး
အကြောင်းအရာ. . . . ရာသီခွင်ပြဇယားရေးဆွဲခြင်း
ဦးဝင်းဆွေမှ ပထမဦးစွာဆွေးနွေးတင်ပြပါသည်။

စိုက်ပျိုးရေး၊ စိုက်ပျိုးသောသီးနှံများအကြာင်းကို ဦးဖိုးတိုး မှ တင်ပြခြင်း၊ စိုက်ပျိုးသီးနှံတွင် ကျသော ပိုးများအကြောင်းကို ဦးသိန်းဇော် မှ တင်ပြပြီး၊ ကျန်းမာရေးအကြောင်းကို ကျေးရွာဥက္ကဋ္ဌ ဦးအောင် မှ တင်ပြပြီး ပညာရေးအကြောင်းကို ဦးသောင်းထွန်း မှ တင်ပြပြီး၊ မွေးမြူရေးအကြောင်းကို ဆွေ မှ တင်ပြ ပြီး တောင်သူဝင်ငွေ/ထွက်ငွေ အကြောင်းကို ရပ်မိရပ်ဖ ဦးဝင်းမောင်လေး မှ ပြီး နေ့စားဝင်ငွေ/ထွက် ငွေအကြောင်းကို ရပ်မိရပ်ဖ ဦးသန်းနိုင် မှ တင်ပြပါသည်။

မှတ်တမ်းရေးသူ
မောင်မြင့်ခိုင်

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကန်နီအုပ်စု၊ မန်ကျည်းလေးပင်ရွာ၏
ရာသီခွင်ပြုဇယား

ရက်စွဲ၊ ၂၀၁၆-ခုနှစ်၊ ဒီဇင်ဘာလ(၂၁)ရက်

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဦးမြဝင်း | | ၂၃ | ဦးညိမ်းဇော် | |
| ၂ | ဦးစိုးမင်း | | ၂၄ | ဦးလှဝင်း | |
| ၃ | ဦးလှမြင့်စိုး | | ၂၅ | ဦးသန့် | |
| ၄ | ဒေါ်စန်းထိုက် | | ၂၆ | ဦးမြင့်စိန် | |
| ၅ | ဦးမြင့်သိန်း(ကြီး) | | ၂၇ | ဦးမြင့်သိန်း(လေး) | |
| ၆ | ဦးဖိုးဆွေ | | ၂၈ | ဦးအောင်မျိုးသန်း | |
| ၇ | ဦးသောင်းထွန်း | | ၂၉ | ဦးမြင့်ဆန်း | |
| ၈ | ဒေါ်အေးလှိုင် | | ၃၀ | ဦးအောင်လွင် | |
| ၉ | ဒေါ်တင်မိုးခိုင် | | ၃၁ | ဦးဝင်းလှိုင် | |
| ၁၀ | ဦးဖိုးတိုး | | ၃၂ | ဒေါ်စန်းဝင်း | |
| ၁၁ | ဦးမျိုးထွန်း | | ၃၃ | ဦးဝင်းမောင်(ကြီး) | |
| ၁၂ | ဦးသိန်းဇော် | | ၃၄ | ဦးကျော်ဆွေ | |
| ၁၃ | ဦးညဏ်အေး | | ၃၅ | ဒေါ်ငွေဝင်း | |
| ၁၄ | ဦးဝင်းဆွေ | | ၃၆ | ဦးအုန်းခိုင် | |
| ၁၅ | ဦးဝင်းရှိန် | | ၃၇ | ဦးအောင်မင်း | |
| ၁၆ | ဒေါ်ဝင်းရီ | | ၃၈ | ဦးမျိုး | |
| ၁၇ | ဦးကြည်ဝင်း | | ၃၉ | ဦးညဏ်ထွန်း | |
| ၁၈ | ဦးကျော်မြင့် | | ၄၀ | ဦးခိုင် | |
| ၁၉ | ဦးလှစိုး | | ၄၁ | ဒေါ်ဝင်းကြည် | |
| ၂၀ | ဦးညွှန့်တင် | | ၄၂ | ဦးကြည်အေး | |
| ၂၁ | ဦးငွေအောင် | | | | |
| ၂၂ | ဒေါ်တင်ညွှန့် | | | | |


မှတ်တမ်းရေးသူ
မောင်မြင့်ခိုင်

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကန်နီကျေးရွာအုပ်စု၊ မန်ကျည်းလေးပင်ကျေးရွာ

“လျှပ်စစ်မရရှိမှုပြဿနာသစ်ပင်”

ရက်စွဲ၊ ၂၂-၁၂-၂၀၁၇



## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကန်နီအုပ်စု၊ မန်ကျည်းလေးပင်ကျေးရွာ လျှပ်စစ်မီးရရှိမှု ပြဿနာသစ်ပင်၏ အစီရင်ခံစာ

ရက်စွဲ၊ ၂၀၁၆-ခုနှစ်၊ ဒီဇင်ဘာလ(၂၂)ရက်

**တည်နေရာ**

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကန်နီအုပ်စု တွင်တည်ရှိပါသည်။

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၏ မြောက်ဘက်(၈)မိုင်ကွာခန့်၊ မြိုင်-ထူးမကားလမ်းမကြီး၏ တောင်ဘက်(၂)မိုင်ကွာခန့်၊ ထွန်းမြရတနာကားလမ်းမကြီး၏ တောင်ဘက်(၂)မိုင်ကွာခန့်၊ ကန်နက်ကျေးရွာ အရှေ့ဘက်(၂)မိုင်ကွာခန့်၊ ကန်နီကျေးရွာအမြောက်ဘက်(၂)မိုင်ကွာ၏ အလယ်ဗဟိုတည့်တည့်တွင် တည်ရှိပြီး အကျယ်အဝန်းဧရိယာဧက(၅၅)ဧကရှိ၍ တောင်မြောက်ရှည်လျားပြီး အရှေ့အနောက် ကျဉ်းမြောင်းပါသည်။

**အိမ်ခြေနှင့်လူဦးရေ**

